# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြား ရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)


၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက် | ၂၀၂၄ ခုနှစ်၊ ဇွန် ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၃)၊ အမှတ်(၂၆၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄) ဖွင့်ပွဲအခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြား

## ပညာတတ်များဖြင့် သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်ရန် ဦးတည်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂၅**

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊


*စာမျက်နှာ ၃ ကော်လံ ၁ ➜*






**စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) အခမ်းအနား မုခ်ဦးအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။


**ယနေ့ ဖတ်စရာ**

ပြင်ဦးလွင်မြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ — ပြည်တွင်းသတင်း — စာ ၁၂

အပူချိန်ထိန်းညှိ နည်းပညာတိုးတက်ရေး အလေးထားဆောင်ရွက်ပေး — ဆောင်းပါး — စာ ၁၆

စိုက်ပျိုးရေးလုပ်သားများ အစ္စရေးနိုင်ငံသို့ စေလွှတ်မှု ထိုင်းနိုင်ငံ ပြန်လည်စတင် — နိုင်ငံတကာသတင်း — စာ ၁၈

# အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက

လူသည် သဘာဝအားဖြင့် အစုအဖွဲ့နှင့် နေထိုင်တတ်သော သတ္တဝါတစ်မျိုးဖြစ်သည်။ အစုအဖွဲ့အတွင်း မွေးဖွားကြီးပြင်းကာ ရှင်သန်ကြရခြင်းဖြစ်သည့်အလျောက် အများနှင့်လိုက်လျောညီထွေစေရန် ကျင့်ဝတ်၊ စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေ စသည်တို့ ချမှတ်ရေးဆွဲလိုက်နာကြရသည်။ စည်းကမ်းသည် ဥပဒေ၏ အစဖြစ်ပြီး ငယ်စဉ်ကတည်းကပင် လိုက်နာတတ်စေရန်၊ စည်းကမ်းနှင့်လူ တစ်သားတည်းကျစေရန် လေ့ကျင့်သင်ကြားပေးကြရသည်။ လူတစ်ဦးချင်းတွင် စည်းကမ်းကောင်းမွန်သူသည် တိုးတက်ကြီးပွားသကဲ့သို့ စည်းကမ်းကောင်းသည့် မိသားစု၊ စည်းကမ်းကောင်းသည့် နိုင်ငံနှင့်လူမျိုးတို့သည်လည်း တိုးတက်ကြီးပွားကြသည်။

စည်းကမ်းလိုက်နာခြင်းသည် မွေးရာပါဗီဇမဟုတ်ဘဲ လေ့ကျင့်သင်ကြားရခြင်းဖြစ်ရာ ကလေးအရွယ်ကပင် အိမ်တွင်၊ ကျောင်းတွင် ချမှတ်သွန်သင်ကြရသည်။ မိမိတို့နိုင်ငံကဲ့သို့ပင် KG+12 ပညာရေးစနစ်ကျင့်သုံးသည့် ဂျပန်နိုင်ငံတွင် မူလတန်းသို့ စတင်ဝင်ရောက်လာသည့် ကျောင်းသူ ကျောင်းသား ကလေးငယ်များအား လူ့အဖွဲ့အစည်းအတွင်း တာဝန်သိသိ နေတတ်ထိုင်တတ်စေရန်၊ ပေါင်းသင်းဆက်ဆံတတ်စေရန်ကို အဓိကထား၍ နှစ်နှစ်ခန့် လေ့ကျင့်သင်ကြားပေးသည်။ ဤနည်းအားဖြင့် စည်းကမ်းရှိသူ ပြည်သူ့တာဝန်သိသူများ ဖြစ်လာအောင် ကျောင်းစာသင်မှု စတင်သည့်အရွယ် ငယ်စဉ်ကပင် ပြုစုပျိုးထောင်ပေးခြင်းဖြင့် နိုင်ငံသားကောင်း သမီးကောင်းများ ဖြစ်လာစေသည်။ စည်းကမ်းရှိသူ၊ တာဝန်သိသူ နိုင်ငံသားပြည်သူ တစ်ဦးဖြစ်လာသည့်အခါ အများပြည်သူအကျိုးအတွက် မိမိကိုယ်တိုင်ဆောင်ရွက်ရမည့် ဝတ္တရားများ၊ ရှောင်ကြဉ်ရမည့် အပြုအမူများကို မည်သူ၏တိုက်တွန်းမှုမှမပါဘဲ ဆောင်ရွက်မှု၊ စောင့်ထိန်းမှုတို့ ပြုလာကြသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၅ ရက်က ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားရာတွင် ကျောင်းသား ကျောင်းသူများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကို မှန်ကန်စွာတည့်မတ်ပေးရေးနှင့်စပ်လျဉ်း၍ "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက ဆိုသည့်အတိုင်း မိမိစာသင်ခန်းအတွင်း၊ မိမိကျောင်းဝင်းအတွင်း အမှိုက်ပစ်ခြင်း၊ စာသင်ခုံများအပေါ်တွင် ရေးခြစ်ခြင်း၊ ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်းကအစ လုံးဝ မပြုလုပ်ရန် ကျောင်းစည်းကမ်းလိုက်နာခြင်းမှ အစပြုပြီး ဥပဒေစည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာတတ်သည့် နိုင်ငံကြီးသားအလေ့အကျင့်ကောင်းများ ကိန်းအောင်းလာကြစေရန် လေ့ကျင့်ပေးသွားကြရမည်ဖြစ်ကြောင်း။ " ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတစ်နိုင်ငံကို ဖန်တီးပုံဖော်ကြသူများမှာ ထိုနိုင်ငံ၏ နိုင်ငံသားများပင်ဖြစ်ရာ ကောင်းမွန်သည့် နိုင်ငံသားများကသာလျှင် နိုင်ငံကို ကောင်းမွန်အောင်တည်ဆောက်နိုင်ကြမည်ဖြစ်သည်။ စည်းကမ်းလိုက်နာမှုကောင်းမွန်သည့် လူမျိုးဖြစ်လာစေရေးအတွက် အစပြုလေ့ကျင့်သင်ကြားပေးသည့် နေရာများသည် စာသင်ကျောင်းများပင် ဖြစ်သည်။ စာသင်ကျောင်းဆိုရာတွင်လည်း ကျောင်းသား ကျောင်းသူကလေးငယ်များကို စိတ်ဓာတ်ကောင်း၊ အမူအကျင့်ကောင်းများ စွဲမြဲလာစေရန် ပြုစုပျိုးထောင်ပေးကြရမည့် ဆရာ၊ ဆရာမများကို အဓိကဆိုလိုဆိုခြင်းဖြစ်သည်။ မိမိတို့၏ စာသင်သားကလေးငယ်များကို စာပေပညာတတ်မြောက်ရုံမျှသာမက နိုင်ငံသားကောင်းသမီးကောင်းများ ဖြစ်လာစေရန် သွန်သင်ဆုံးမ နည်းလမ်းပြကြရန်မှာ ဆရာ၊ ဆရာမတို့၏ တာဝန်ဖြစ်သည်။

ကျောင်းအဆောက်အအုံမျက်နှာစာများ၊ စာသင်ခန်းနံရံ အထက်များတွင် ထင်ထင်ရှားရှား ဖော်ပြထားသည့် "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"ဟူသည့် ဆောင်ပုဒ်က ဆရာဆရာမ၊ ကျောင်းသူ ကျောင်းသားနှင့် မိဘများကို မပြတ်သတိပေးဆော်သြနေခြင်းဖြစ်သည်။ စည်းကမ်းကောင်းမွန်သည့် ကျောင်းသည် ဂုဏ်ဒြပ်ကြီးသကဲ့သို့ စည်းကမ်းကောင်းသည့် ကျောင်းဆရာ၊ ဆရာမများကိုလည်း လေးစားကြသည်။ ယင်းသို့သော ကျောင်းများတွင် တက်ရောက်ရသည့် ကျောင်းသူ ကျောင်းသားများနှင့် မိဘများမှာလည်း ဂုဏ်ယူကြရသည်။ စည်းကမ်း၊ ကျင့်ဝတ်၊ ဥပဒေများ လေးစားလိုက်နာသည့် နိုင်ငံကြီးသားများ လေ့ကျင့်မွေးထုတ်ပေးနိုင်ရေးတာဝန်ကို စာသင်ကျောင်းများက အလေးအနက် ထမ်းဆောင်ကြရပါမည့်အကြောင်း။ ။



# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နိုင်ငံတကာညီလာခံနှင့် (၁၂) ကြိမ်မြောက် နိုင်ငံတကာဥပဒေရေးရာဖိုရမ်သို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့သို့ ထွက်ခွာ

**နေပြည်တော် ဇွန် ၂၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥက္ကဋ္ဌ H.E. Mr. Valery D.Zorkin ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ "Protection of Rights and Constitutional Supervision" ခေါင်းစဉ်ဖြင့် ကျင်းပမည့် နိုင်ငံတကာ ညီလာခံ (International Conference) နှင့် (၁၂) ကြိမ်မြောက် နိုင်ငံတကာဥပဒေရေးရာဖိုရမ် (XII St. Petersburg International Legal Forum) သို့ တက်ရောက်ရန်အတွက် ယမန်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့မှ



ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ နိုင်ငံတကာညီလာခံနှင့် (၁၂) ကြိမ်မြောက် နိုင်ငံတကာဥပဒေရေးရာဖိုရမ်သို့ တက်ရောက်ရန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းနှင့်အတူ အဖွဲ့ဝင် ဦးခင်မောင်ဦးလိုက်ပါသွားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၂၅**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"ယုံစားပုံမှားမိကြလို့ နေစရာပျောက်၊ ပင်စင်ပျောက်၊ လမ်းဘေးရောက်ခဲ့ကြရတဲ့ သစ္စာဖောက်နိုင်ငံ့ဝန်ထမ်းတွေရဲ့ ပကတိဘဝအခြေအနေ"** ခေါင်းစဉ်ဖြင့် ဇွန် ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ခားပြတိုက်၊ သတ်ဖြတ်၊ ပြန်ပေးဆွဲလုပ်ရပ်များနဲ့ မစ္ဆရိယအမှောင်ဖုံးနေတဲ့ အကြမ်းဖက်သမားများရဲ့ တော်လှန်ရေး"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များ အနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့်ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း အာမခံနှစ်စေ့ပြီးသူများအား ကံစမ်းမဲဖောက်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဇွန် ၂၅**

အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်တွင် အာမခံထားရှိသူများအနက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း အာမခံနှစ်စေ့ပြီးသူများအား ကံစမ်းမဲဖောက်ခြင်းကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့၌ ကျင်းပရာ အောင်မြင့်မိုရ်မင်းအာမခံ ကုမ္ပဏီလီမိတက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးညိုဝင်းနှင့် တာဝန်ရှိသူများ၊ အာမခံထားရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အောင်မြင့်မိုရ်မင်း အာမခံကုမ္ပဏီလီမိတက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးညိုဝင်းက အဖွင့်အမှာစကား ပြောကြားပြီး အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးက လက်ရှိဆောင်ရွက်နေသော အာမခံအမျိုးအစားများ အကြောင်းနှင့် ကံစမ်းမဲဖွင့်ဖောက်သည့် စနစ်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း အာမခံနှစ်စေ့ပြီးသူများကို တာဝန်ရှိသူများက စက်ခလုတ်နှိပ်၍ ကံစမ်းမဲဖွင့်ဖောက်ပေးခဲ့ပြီး မဲပေါက်သည့် ကံထူးရှင်အမည်စာရင်းများကိုကြေညာခဲ့သည်။

ကံစမ်းမဲဖောက်ပေးရာတွင် ကွန်ပျူတာဆော့ဝဲလ် နည်းပညာဖြင့် မဲဖောက်ဆောင်ရွက်ခြင်းဖြစ်ပြီး ကံစမ်းမဲချီးမြှင့်ငွေကျပ်သိန်း ၁၂၀၀ နှင့်ညီမျှသော ဆုမဲများဖြစ်သည့် လျှပ်စစ်ဆိုင်ကယ်၊ လျှပ်စစ်စက်ဘီး၊ စက်ဘီး (ရိုးရိုး)၊ Samsung Tablet နှင့် ဖုန်းအမျိုးအစား အမျိုးမျိုးတို့ကို မဲဖောက်ချီးမြှင့်ခြင်းဖြစ်ကာ ကံစမ်းမဲပေါက်သည့် ကံထူးရှင်များကို ဆက်သွယ်အကြောင်းကြားဆောင်ရွက်ပေးသွားမည်ဖြစ်သည်။




အောင်မြင့်မိုရ်မင်း အာမခံကုမ္ပဏီလီမိတက်အနေဖြင့်အသက်အာမခံအမျိုးအစား ၂၁ မျိုးကို ဆောင်ရွက်ပေးလျက်ရှိပြီး အထွေထွေအာမခံလုပ်ငန်း ဝန်ဆောင်မှုများကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက E-mail; aungmyintmohmin 2013 @ gmail.comနှင့်၀၉-၄၂၄၄၄၆၆၆၁၊ ၀၉-၄၂၄၄၄၆၆၆၂၊ ၀၉-၄၂၄၄၄ ၆၆၆၃ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

- **အရည်အသွေးမြင့်သည့် ပညာရပ်များကို တတ်ကျွမ်းသူများသည် ဝင်ငွေကောင်းသည့် အလုပ်အကိုင်ကောင်းများကိုရရှိ**
- **ဆန်းသစ်တီထွင်ဖန်တီးတတ်သူ၊ ဉာဏ်ရည်မြင့်မားသူ၊ ဝီရိယရှိပြီး ကြိုးစားအားထုတ်သူများသည် သက်ဆိုင်ရာလုပ်ငန်းများတွင် အောင်မြင်သူများဖြစ်လာ**

○ *ရှေ့ဖုံးမှ*

ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ စာတမ်းရှင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ဦးစွာ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄) ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော် တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ညီလာခံအခမ်းအနားမုခ်ဦးအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

**အဖွင့်သီချင်းဖြင့် သီဆိုကပြဖျော်ဖြေ**

ယင်းနောက် အခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပပြုလုပ်ရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "ပညာစံအရေး၊ ညီလာခံတေး" အဖွင့်သီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်များ ပေါ်များခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၂၄)ကို **"လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကို ပိုမိုမြှင့်တင်ပေး"** ဟူသည့် ဦးတည်ချက်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် အသိပညာ၊ အတတ်ပညာ ပြည့်စုံသည့် ပညာတတ်များဖြင့် သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်ရန် ဦးတည်ဆောင်ရွက်လျက်ရှိနေပြီး အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ်တိုးတက်ဖြစ်ပေါ်ရေးကို ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပညာဆိုသည်မှာ အသေးစိတ်သိခြင်း၊ သိအောင်လုပ်ခြင်း၊ ကျယ်ကျယ်ပြန့်ပြန့် သိခြင်းတို့ဖြစ်ကြောင်း၊ ပညာသင်ကြားခြင်းကို ကျောင်းသင်ခန်းစာများကို သင်ယူခြင်း (Formal Learning) အပြင် ကျောင်းပြင်ပသင်ယူခြင်း (Non–formal Learning) နှင့် အတွေ့အကြုံများမှ ကိုယ်တိုင်လေ့လာသင်ယူခြင်း (Informal Learning) စသည်များနှင့် ရယူတတ်မြောက်နိုင်ကြောင်း၊ ထိုမှတစ်ဆင့် ဘဝတစ်သက်တာ လေ့လာသင်ယူသွားကြရမည်လည်းဖြစ်ကြောင်း၊ **ပညာသည် အလင်းရောင်နှင့်တူပြီး အလင်းရောင်သည် အမှောင်ကိုဖယ်ရှားနိုင်** ကြောင်း၊ **ပညာသည် မောဟ (မသိခြင်း) ကို ပယ်ဖျောက်နိုင်**ကြောင်း၊ ထို့ကြောင့် **"ပညာသမာ အာဘာနတ္ထိ" "ပညာနှင့်တူသော အလင်းရောင်မရှိ " ဟု မြတ်စွာဘုရားက ဟောကြားခဲ့**ကြောင်း။

**ပညာသည်သာအခရာဖြစ်**

ပညာတတ်ဖြစ်မှသာ လူ့ဘဝရှင်သန်ရပ်တည်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် လုပ်ငန်းကျွမ်းကျင်မှု အရည်အသွေးများကိုရရှိပြီး စဉ်းစားတွေးခေါ်မှု၊ ပြဿနာကို ဖြေရှင်းတတ်မှု၊ ဝေဖန်ပိုင်းခြားတတ်မှု၊ တီထွင်ကြံဆတတ်မှု၊ ပူးပေါင်းဆောင်ရွက်တတ်မှု စသည့်ပင်ကိုအရည်အသွေးများကို ပိုင်ဆိုင်လာသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပွင့်လန်းစေနိုင်မည်ဖြစ်ကြောင်း၊ **အရည်အသွေးမြင့်သည့် ပညာရပ်များကို တတ်ကျွမ်းသူများသည် ဝင်ငွေကောင်းသည့် အလုပ်အကိုင်ကောင်းများကို** ရရှိနိုင်ကြောင်း၊ **ဆန်းသစ်တီထွင်ဖန်တီးတတ်သူ၊ ဉာဏ်ရည်မြင့်မားသူ၊ ဝီရိယရှိပြီး ကြိုးစားအားထုတ်သူများသည် သက်ဆိုင်ရာ လုပ်ငန်းများတွင် အောင်မြင်သူများ ဖြစ်လာ**ကြကြောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ အခြေခံကျောင်းများတွင် ခင်မင်ရင်းနှီးခဲ့သည့် သူငယ်ချင်းများသည်လည်း လုပ်ငန်းခွင်မိတ်ဖက်များ ဖြစ်လာနိုင်ကြကြောင်း၊ ဘဝအောင်မြင်မှုအတွက်ဆိုပါက အရာရာတိုင်းတွင် ပညာသည်သာအခရာဖြစ်ကြောင်းကို မိမိနှင့်နီးစပ်ရာ ပြည်သူများကို ရှင်းလင်းပြောကြားပေးကြရန် တိုက်တွန်းလိုကြောင်း။

**ဒုတိယမိဘများပင်ဖြစ်**

**နိုင်ငံတစ်နိုင်ငံ၏အင်အားသည် ပညာအပေါ်တွင် အခြေခံ**ကြောင်း၊ ဗလငါးတန်ပြည့်ဝပြီး အသိဉာဏ်ပညာပြည့်စုံသည့် ကျောင်းသား၊ ကျောင်းသူ လူငယ်များသည် နိုင်ငံ၏အင်အား၊ နိုင်ငံ၏အနာဂတ်များဖြစ်ကြောင်း၊ မိဘများက သားသမီးများ လူလားမြောက်အောင် ကျွေးမွေးပြုစုယုယကြကြောင်း၊ ပညာသင်ယူရမည့် အရွယ်ရောက်သည့်အခါ နွေးထွေးသည့် မိဘရင်ခွင်မှခွာပြီး စာသင်ကျောင်းဆီ ဦးတည်ကြရကြောင်း၊ **မိဘရင်ခွင်ပြီးပါက ဆရာ့ရင်ခွင်သည် ကျောင်းသားလူငယ်များအတွက် ဒုတိယရင်ခွင်ဖြစ်**ကြောင်း၊ တစ်နည်းအားဖြင့် ဆရာ၊ ဆရာမများသည် ကျောင်းသား ကျောင်းသူများအတွက် ဒုတိယမိဘများပင်ဖြစ်ကြကြောင်း။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက “ပညာစံအရေး၊ ညီလာခံတေး” အဖွင့်သီချင်းဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

*စာမျက်နှာ ၃ မှ*

**မြန်မာ့ယဉ်ကျေးမှုတွင် အနန္တောအနန္တဂိုဏ်းဝင် ဆရာသခင် ကျေးဇူးရှင်ဟု ဆရာကို အလေးအမြတ်ထားပြီး နှလုံးသွင်းချစ်ခင်ရှိသေကြ**ကြောင်း၊ တပည့်များကို ပညာပေးဝေသူ၊ ပညာဖြင့် တပည့်များ၏ ဘဝကို ရှင်သန်စေသူဖြစ်သည့် ဆရာ၏မြင့်မြတ်လှသည့် ကျေးဇူးကို ဂုဏ်တင်အသိအမှတ်ပြုပြီး မိဘ၊ ဆရာကို တစ်ဂိုဏ်းတည်းထားကာ အာစရိယဂုဏော အနန္တော၊ ဆရာသမား၏ ဂုဏ်ကျေးဇူးသည် အဆုံးအပိုင်းအခြားမရှိဟု သတ်မှတ်လျက် လေးစားကြည်ညိုကြကြောင်း၊ ထို့ကြောင့် **ဆရာသခင်ကျေးဇူးရှင်များကလည်း မိဘသဖွယ် စိတ်ဝယ်ထားပြီး မိမိတပည့်များကို ပညာတတ်များဖြစ်လာအောင်၊ လိမ္မာယဉ်ကျေးသူများဖြစ်လာအောင် ဦးဆောင်လမ်းပြသင်ကြားပေးရန်** တိုက်တွန်းလိုကြောင်း။

**အလေးထားဆောင်ရွက်**

**ပြည်သူလူထုအများစုသည်** ဝင်ငွေအလယ်အလတ်အဆင့်ရှိသူများ ဖြစ်သည့်အတွက် **နိုင်ငံတော်၏ ကျောင်းပညာရေးကိုသာ အားကိုးကြ**ကြောင်း၊ အများပြည်သူက ယုံကြည်အားကိုးကြသည့်အတိုင်း ကျောင်းသား၊ ကျောင်းသူများ ကျောင်းပညာရေးတွင် ပညာတော်၊ ပညာတတ်၊ ဘက်စုံထူးချွန်သည့် လူငယ်လူရွယ်များ ပေါ်ထွန်းလာစေရေးကို အလေးထားဆောင်ရွက်ပေးကြစေလိုကြောင်း၊ အနာဂတ်တွင် နိုင်ငံတော်က အားကိုးအားထားပြုရသည့်၊ ဗလငါးတန်နှင့် ပြည့်စုံသည့်၊ အရည်အချင်း ပြည့်ဝသည့် လူငယ်များကို မွေးထုတ်ပေးနိုင်ရန်မှာ ဆရာ၊ ဆရာမများ၏ သွန်သင်ဆုံးမမှု ကောင်းမွန်ရေး အပေါ်မှာ တည်မှီနေကြောင်း။

အခြေခံပညာကဏ္ဍတွင် ကိုဗစ်-၁၉ ကပ်ရောဂါအလွန် ကျောင်းများ ပြန်လည်ဖွင့်လှစ်ခဲ့သည့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ကျောင်းသားဦးရေ ၅ ဒသမ ၃ သန်းရှိရာမှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၈ သန်းကျော်အထိ တိုးတက်လာခဲ့ကြောင်း၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ဇွန် ၂၀ ရက်အထိ ကျောင်းအပ်နှံသူ ၇ ဒသမ ၃ သန်းကျော်ရှိပြီဟု သိရကြောင်း။

**ဖြစ်ပေါ်တိုးတက်နေသည့် ကမ္ဘာ့အခြေအနေများအရ လူ့ဘဝရပ်တည်ရန်အတွက် လူတစ်ယောက်သည် အနည်းဆုံး အလယ်တန်းပညာအဆင့်အထိ တတ်သင့်**ကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအနေဖြင့် လူတိုင်း KG+9 အထိ ပညာသင်ကြားရန် ဦးတည်ချက် ချမှတ်ထားကြောင်း၊ အဆိုပါဦးတည်ချက် ပေါက်မြောက်အောင်မြင်ရန် လူတိုင်း KG+9 အထိ ပြီးမြောက်အောင်မြင်ရေးအတွက် မသင်မနေရ သင်ကြားနိုင်ရေး၊ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေး၊ အထူးသဖြင့် အခိုက်အတန့် ကျောင်းအပ်လျော့နည်းနေသည့် မူလတန်းအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးအတွက် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဆရာ၊ ဆရာမများ၊ မိဘများ၊ ရပ်မိရပ်ဖများ ပူးပေါင်းပြီး လှုံ့ဆော်ခြင်း၊ စည်းရုံးခြင်း၊ ရှင်းပြခြင်း၊ အားပေးပံ့ပိုးခြင်း နည်းလမ်းအသွယ်သွယ်ဖြင့် စဉ်ဆက်မပြတ် ဆက်လက်ပြီး ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

တစ်ဖက်တွင်လည်း အလယ်တန်းနှင့် အထက်တန်းတွင် ကျောင်းဝင်နှုန်းတိုးမြင့်လာပြီး တန်းစဉ်ကူးပြောင်းမှုနှုန်း မြင့်မားလာသည်နှင့် ကျောင်းထွက်မှုနှုန်း လျော့နည်းသွားသည်ကိုလည်း တွေ့ရကြောင်း၊ အလယ်တန်းအဆင့် Grade 9 အောင်မြင်ပြီးမြောက်သူများအတွက် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးနှင့် သက်မွေးပညာရေးအပါအဝင် သင်ယူမှု အခွင့်အလမ်းများကို ယခုထက် ပိုမိုဖော်ထုတ်အားပေးသွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ယခု ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ဇွန်လ (၁၁) ရက်နေ့က ထုတ်ပြန်ကြေညာခဲ့ရာတွင် တစ်နိုင်ငံလုံးဖြေဆိုသူ ၁၂၈၈၂၀ ဦးရှိခဲ့ပြီး ၇၄၅၉၂ ဦး အောင်မြင်ခဲ့သည့်အတွက် အောင်မြင်မှုရာခိုင်နှုန်းမှာ ၅၇ ဒသမ ၉ ဖြစ်ကြောင်း၊ အောင်မြင်သူအားလုံးနီးပါး အဆင့်မြင့်ပညာ ဆက်လက်သင်ယူနိုင်ရေး ဝိုင်းဝန်းကြိုးစားတိုက်တွန်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

**ကျွမ်းကျင်သူများစွာလိုအပ်**

**မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အဓိကထားသည့်နိုင်ငံ ဖြစ်သည့်အတွက် စနစ်ကျသော စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်သော ကုန်ထုတ်လုပ်မှုများ ပြုလုပ်နိုင်ရန် ကျွမ်းကျင်သူများစွာ လိုအပ်**ကြောင်း၊ ထို့ကြောင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်နှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွင်း ခရိုင် ၈၄ ခုတွင် အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်း ၈၅ ကျောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ အဆိုပါကျောင်းများတွင် အလယ်တန်းအဆင့်ပြီးသူများ တက်ရောက်နိုင်ပြီး တန်ဖိုးမြင့်ထုတ်ကုန်များနှင့် ဈေးကွက်အတွက် လိုအပ်သည့်ကျွမ်းကျင်မှု အရည်အသွေးများကို ဖြည့်ဆည်းပေးနိုင်ရန် လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း။

**ပညာရေးဂုဏ်သတင်း သင်းပျံ့လာမည်**

အတန်းပညာ တတ်မြောက်ရေးအတွက် စာသင်ကျောင်း၊ စာသင်ဆောင်၊ စာသင်ခန်း၊ စာကြည့်တိုက်၊ သန့်စင်ခန်း၊ အားကစားရုံ၊ အားကစားကွင်း၊ အခြေခံအဆောက်အအုံ၊ သင်ထောက်ကူပစ္စည်းများ ပြည့်စုံမှု၊ နည်းပညာအသုံးပြု သင်ကြားနည်းစနစ်များ ပံ့ပိုးမှု၊ အင်တာနက်ရရှိမှု၊ သောက်ရေသုံးရေရရှိမှု၊ သင်ယူမှုပတ်ဝန်းကျင်ကောင်းနှင့် ကျောင်းဥပမိရပ် ကောင်းမွန်မှု စသည်များနှင့် ပြည့်စုံရန်လည်းလိုအပ်ကြောင်း၊ ထို့အပြင် အရည်အသွေးရှိသည့် ဆရာအရေအတွက်လုံလောက်မှု၊ ဆရာအရည်အသွေးမြှင့် မွမ်းမံသင်တန်းများပို့ချမှု၊ သင်ရိုးညွှန်းတမ်းခေတ်မီမှု၊ ကျောင်းသား ဗဟိုပြုသင်ကြားနည်းစနစ်များ မှန်ကန်မှု၊ စစ်ဆေးအကဲဖြတ်စနစ်ကောင်းမွန်မှု၊ စီမံခန့်ခွဲကြီးကြပ်မှုနှင့် သက်သာချောင်ချိရေးပံ့ပိုးမှု စသည်များသည် ဟန်ချက်ညီညီ ပြည့်စုံလုံလောက်မည်ဆိုပါက နိုင်ငံ၏ပညာရေးအဆင့်သည် အချိန်တိုအတွင်း တိုးတက်လာမည်ဟု ယုံကြည်သည့်အတွက် နိုင်ငံတော်က ပညာရေးကိုဦးစားပေးပြီး တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ **ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ မိဘဆရာများ၊ ကျောင်းသား၊ ကျောင်းသူများကိုယ်တိုင်ကလည်း မိမိကျောင်း၏ ကောင်းသည့် ဂုဏ်သတင်း ကျော်ကြားမှုများကို တန်ဖိုးထားထိန်းသိမ်းမြှင့်တင်နေကြမည်ဆိုပါက ကျောင်းတစ်ကျောင်းချင်းစီမှသည် တစ်နိုင်ငံလုံး အတိုင်းအတာအထိ ပညာရေးဂုဏ်သတင်း သင်းပျံ့လာမည်မှာ မလွဲကေန်ပင်ဖြစ်**ကြောင်း။

ကျောင်းကောင်းစီ ကတိသစ္စာလေးချက်နှင့်အညီ မိမိကိုယ်ကို၊ မိမိအတန်း၊ မိမိကျောင်း၊ မိမိတိုင်းပြည်အတွက်ကောင်းအောင် ကြိုးစားကြရာတွင် ကျောင်းသား၊ ကျောင်းသူများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကို မှန်ကန်တည့်မတ်ပေးရေးသည် ဆရာ၊ ဆရာမများ၏ တာဝန်များပင်ဖြစ်ကြောင်း။

**အမူအကျင့်ကောင်းများကို လေ့ကျင့်ပျိုးထောင်**

ယဉ်ကျေးလိမ္မာရန်၊ ရိုးသားဖြောင့်မတ်ရန်၊ စိတ်ထားဖြူစင်ရန်၊ ကိုယ်ချင်းစာစိတ်ရှိရန်၊ ပြည်သူ့နီတိနှင့်အညီ ပြုမူနေထိုင်တတ်ရန်၊ တာဝန်ယူမှုတာဝန်ခံမှု စိတ်ဓာတ်ရှိရန်၊ အချိန်ကိုလေးစားရန်၊ စုပေါင်းဆောင်ရွက်တတ်ရန်၊ အတ္တ ပရ မျှတရန်၊ တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်ရှိရန် စသည့်စိတ်ဓာတ်ကောင်းများနှင့် အမူအကျင့်ကောင်းများကို လေ့ကျင့်ပျိုးထောင်ပေးကြရမည် ဖြစ်ကြောင်း။

**အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းကဆိုသည့်အတိုင်း** မိမိစာသင်ခန်းအတွင်း၊ မိမိကျောင်းဝင်းအတွင်း အမှိုက်ပစ်ခြင်း၊ စာသင်ခုံများအပေါ်တွင် ရေးခြစ်ခြင်း၊ ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်းကအစ လုံးဝမပြုလုပ်ရန် ကျောင်းစည်းကမ်း လိုက်နာခြင်းမှအစပြုပြီး **ဥပဒေစည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာတတ်သည့် နိုင်ငံကြီးသား အလေ့အကျင့်ကောင်းများ ကိန်းအောင်းလာကြစေရန် လေ့ကျင့်ပေးသွားကြရမည်**ဖြစ်ကြောင်း။

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၂၄) အထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။

**“ ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ မိဘဆရာများ၊ ကျောင်းသား၊ ကျောင်းသူများ ကိုယ်တိုင်ကလည်း မိမိကျောင်း၏ ကောင်းသည့် ဂုဏ်သတင်းကျော်ကြားမှုများကို တန်ဖိုးထား ထိန်းသိမ်းမြှင့်တင်နေကြမည်ဆိုပါက ကျောင်းတစ်ကျောင်း ချင်းစီမှသည် တစ်နိုင်ငံလုံး အတိုင်းအတာအထိ ပညာရေး ဂုဏ်သတင်း သင်းပျံ့လာမည်မှာ မလွဲကေန်ပင်ဖြစ် ”**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနား တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၄ မှ*

ကျေးလက်နေ ပြည်သူများအပါအဝင် ပြည်သူတစ်ရပ်လုံး စာတတ်မြောက်ရေးအတွက် စာမတတ်သူ ပပျောက်ရေးစီမံချက် ရေးဆွဲအကောင်အထည်ဖော်ပြီး စာဖတ်ရှိန် မြှင့်တင်ရေးအတွက် စာဖတ်ဝိုင်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးခြင်းအားဖြင့် စာမတတ်သူပပျောက်ရေးမှသည် စာမဖတ်သူပပျောက်ရေး အထိ တိုးချဲ့ဆောင်ရွက်သွားကြရန်လည်း မှာကြားလိုကြောင်း။

**အဆင့်မြင့်ပညာရပ်များကို သင်ယူခြင်းသည် ဘွဲ့အဆင့်အတန်းတစ်ခုရရှိရန် အတွက်သာမဟုတ်ဘဲ လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေပြီး ဘက်စုံ အသိဉာဏ်ကြွယ်ဝသည့် နိုင်ငံသားများ ပေါ်ပေါက်စေ**ကြောင်း၊ အရည်အသွေးရှိသည့် အဆင့်မြင့်ပညာရပ်များကို နှံ့စပ်စွာတတ်မြောက်ထားသည့် ဘွဲ့ရပညာတတ်များစွာ ပေါ်ထွက်လာမှသာ နိုင်ငံအတွက် ပိုမိုအကျိုးရှိနိုင်မည်ဖြစ်ကြောင်း။

**အခြေခံကောင်းများကိုရရှိ**

တက္ကသိုလ်များတွင် ပညာရပ်နယ်ပယ်တစ်ခု၊ ဘာသာရပ်တစ်ခု၏ အခြေခံအဆင့်မှ တန်းမြင့်အဆင့်ထိ လွှမ်းခြုံသည့် သင်ရိုးညွှန်းတမ်းများ တိကျစွာ သတ်မှတ်ပြဋ္ဌာန်းထားသည့်အတွက် တက္ကသိုလ်ကျောင်းသားများအနေဖြင့် မိမိသင်ယူလေ့လာသည့် ဘာသာရပ်၏ အခြေခံကောင်းများကိုရရှိပြီး နှံ့စပ်စွာ နားလည်တတ်မြောက်နိုင်မည်ဖြစ်ကြောင်း။

တက္ကသိုလ်ပညာရေးသည် ဆန်းစစ်ဝေဖန်မှုစွမ်းရည်၊ ခွဲခြမ်းစိတ်ဖြာ သုံးသပ်မှု စွမ်းရည်၊ ပြဿနာကို ဖြေရှင်းသည့်စွမ်းရည်၊ စုပေါင်းဆောင်ရွက်မှုစွမ်းရည်တို့ကို မြှင့်တင်ပေးသည့်အတွက် အနာဂတ်တွင် မိမိအတွက်ရော၊ နိုင်ငံအတွက်ပါ အလွန်တန်ဖိုးရှိသည့် စွမ်းရည်များ၊ အလေ့အကျင့်ကောင်းများကိုလည်း ရရှိစေမည်ဖြစ်ကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံတက္ကသိုလ်များတွင် တက္ကသိုလ်ကျောင်းသားများ နိုင်ငံတကာ အရည်အသွေးမီ အဆင့်မြင့်ပညာကို လေ့လာသင်ယူခွင့်ရရှိစေရန်အတွက် သင်ရိုးညွှန်းတမ်းများကို ပြန်လည်သုံးသပ်မွမ်းမံခဲ့သကဲ့သို့ ဆရာ၊ ဆရာမ အရည်အသွေးမြှင့် မွမ်းမံသင်တန်းများ တိုးမြှင့်ဖွင့်လှစ်လေ့ကျင့်ပေးကြရမည်ဖြစ်ကြောင်း၊ သင်ကြားနည်းဗျူဟာများကို တက္ကသိုလ်ပါမောက္ခများ၏ ကြီးကြပ်မှုနှင့် ထိရောက်စွာ အသုံးချပြီး သင်ကြားသင်ယူမှုကို မြှင့်တင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄) အထိမ်းအမှတ်ပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုစဉ်။

**ပီပြင်စွာအကောင်အထည်ဖော်**

**ပညာတတ်နိုင်ငံသားများ အများဆုံးရှိနေသည့် နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှု အမြင့်ဆုံးနိုင်ငံကြီးများအဖြစ် ရပ်တည်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ကြမည်ဖြစ်**ကြောင်း၊ **“ပညာတတ်” နိုင်ငံသားများဆိုသည်မှာ “အရည်အချင်း” ကို ဆိုလိုပြီး “အများဆုံး” ရှိသည်ဆိုသည်မှာ “အရေအတွက်” ကိုဆိုလို**ကြောင်း၊ ထို့ကြောင့် **မိမိတို့ နိုင်ငံသည်လည်း အရည်အချင်းရှိသည့် ပညာတတ်များအရေအတွက် အများကြီးရှိသည့် နိုင်ငံဖြစ်လာရန် လိုအပ်သည်မှာ ပေါ်လွင်ထင်ရှား**နေကြောင်း၊ အရည်အသွေး အာမခံမှုရှိစေရန် ရလဒ်အခြေပြုပညာရေးစနစ် (Outcome-based Education) ကို ပီပြင်စွာ အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း။

ကျောင်းသားဗဟိုပြု သင်ကြားသင်ယူမှုစနစ်ကို ကျင့်သုံးပြီး ကျောင်းသားများ၏ စဉ်းစားတွေးခေါ်မှု၊ ဆန်းသစ်တီထွင်ဖန်တီးမှု စွမ်းရည်များကို အားပေးသည့် သင့်တော်မည့် သင်ခန်းစာများ၊ လေ့ကျင့်ခန်းများ၊ သင်ကြားနည်းစနစ်များ၊ လုပ်ငန်းစဉ်များကို ရွေးချယ်အသုံးပြုပြီး ကျောင်းသားများ၏ နိုးကြားတက်ကြွသည့် Active Learning ဖြစ်အောင် သင်ကြားလေ့ကျင့်ပေးစေလိုကြောင်း။

**နိုင်ငံအကျိုးပြုသုတေသနရလဒ်များဖော်ထုတ်**

ထိုသို့ဆောင်ရွက်သည့်နေရာတွင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများပါ သုတေသနပရောဂျက်အခြေပြု သင်ကြားသင်ယူမှုစနစ်ကို ကျင့်သုံးကြသည့်အခါ ကျောင်းသား၊ ကျောင်းသူ အုပ်စုတစ်ခုချင်းစီအလိုက် သင့်တော်မည့် သုတေသနပရောဂျက်ခေါင်းစဉ်များကို ချမှတ်ပေးနိုင်ရန် ဆရာ၊ ဆရာမများကိုယ်တိုင်က စာကြည့်တိုက်မှဖြစ်စေ၊ အင်တာနက်မှဖြစ်စေ ကြိုတင်ရှာဖွေရန် လိုအပ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ ပရောဂျက်ပြုလုပ်ရာတွင်လည်း စာကြည့်တိုက်များ၊ အင်တာနက်များကို အသုံးပြုပြီး ရှာဖွေလေ့လာဖတ်ရှုမှသာ ပရောဂျက်ကို အောင်အောင်မြင်မြင်ဖြင့် စုပေါင်းဆောင်ရွက်တတ်အောင် တက္ကသိုလ်များတွင်လည်း စာကြည့်တိုက်ယဉ်ကျေးမှုကို ထူထောင်ကြရန်နှင့် နိုင်ငံအကျိုးပြုသုတေသနရလဒ်များ ဖော်ထုတ်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

*စာမျက်နှာ ၆ သို့*

❖ **အဆင့်မြင့်ပညာရပ်များကို သင်ယူခြင်းသည် ဘွဲ့အဆင့်အတန်းတစ်ခုရရှိရန် အတွက်သာမဟုတ်ဘဲ လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေပြီး ဘက်စုံ အသိဉာဏ်ကြွယ်ဝသည့် နိုင်ငံသားများပေါ်ပေါက်စေ**

❖ **ပညာတတ်နိုင်ငံသားများ အများဆုံးရှိနေသည့် နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှု အမြင့်ဆုံးနိုင်ငံကြီးများအဖြစ် ရပ်တည်နေသည်ကို မျက်ဝါးထင်ထင်တွေ့မြင်နိုင်**

❖ **“ပညာတတ်” နိုင်ငံသားများဆိုသည်မှာ “အရည်အချင်း” ကိုဆိုလိုပြီး “အများဆုံး” ရှိသည်ဆိုသည်မှာ “အရေအတွက်” ကိုဆိုလို**

❖ **မိမိတို့နိုင်ငံသည်လည်း အရည်အချင်းရှိသည့်ပညာတတ်များ အရေအတွက် အများကြီးရှိသည့် နိုင်ငံဖြစ်လာရန်လိုအပ်သည်မှာ ပေါ်လွင်ထင်ရှား**

*စာမျက်နှာ ၅ မှ*

အသိပညာ၊ အတတ်ပညာ ပြည့်စုံသည့် ပညာတတ်များဖြင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်သွားနိုင်ရန် ယခုညီလာခံကို တက်ရောက်လာသည့် ပညာရှင်များအားလုံးက **“လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကို ပိုမိုမြှင့်တင်ပေး”** ဆိုသည့် ဦးတည်ချက်နှင့် ဖတ်ကြားဆွေးနွေးကြမည့် ညီလာခံစာတမ်း (၃၆) စောင်အပေါ် အခြေပြုညှိနှိုင်းဆွေးနွေးအဖြေရှာကာ ရေတိုရေရှည်လုပ်ငန်းအစီအမံများချမှတ်ပြီး အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ မြဝတီ ရုပ်မြင်သံကြားနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနတို့မှ အနုပညာရှင်များက “စာသင်ကျောင်းက ခေါင်းလောင်းသံ” တေးသီချင်း၊ “ဖူးပွင့်ဝေစီ အနာဂတ်ဆီ” တေးသီချင်းနှင့် “ပညာနှင့် သစ္စာ” တေးဂီတကဇာတ်တို့ဖြင့် ဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄) ကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၂၄) အထိမ်းအမှတ် လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄) အထိမ်းအမှတ်ပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုခဲ့ကြသည်။

အဆိုပါမြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄) ကို **“လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးကို ပိုမိုမြှင့်တင်ပေး”** ဟူသည့် ဦးတည်ချက်နှင့်အညီ ပညာရေးဝန်ကြီးဌာနနှင့် ပညာရေးဆိုင်ရာ အခြားဆက်စပ်ဝန်ကြီးဌာနများ အတူတကွပူးပေါင်း၍ ဇွန် ၂၇ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄) အထိမ်းအမှတ်ပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုစဉ်။



## နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း(အောင်ပန်း)၌ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းဖွင့်

**နေပြည်တော် ဇွန် ၂၅**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှု ပညာသင်တန်းကျောင်း (အောင်ပန်း)၌ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းတွင် ဧည့်ကြိုသင်တန်း ၁၀ ဦး၊ အိပ်ခန်းဆောင်သင်တန်း ၁၀ ဦး၊ အစားအစာနှင့် အဖျော်ယမကာ ဝန်ဆောင်မှုသင်တန်း ၁၀ ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၃၀ ဖြင့် ဇွန် ၂၄ ရက်မှစ၍ စာတွေ့သုံးလနှင့် ဟိုတယ်များတွင် လုပ်ငန်းခွင်လက်တွေ့ သုံးလကြာ ဖွင့်လှစ်သင်ကြား ပို့ချသွားမည်ဖြစ်ပြီး နေထိုင်စားသောက်ရေးနှင့် သင်တန်းသုံးပစ္စည်းများ အခမဲ့ ပံ့ပိုးပေးသွားမည်ဖြစ်သည်။

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း (အောင်ပန်း) ၌ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းသား သင်တန်းသူ ၇၀ ကို သင်ကြားလေ့ကျင့်မွေးထုတ်ပေးခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အင်ဂျင်ပါဝါသုံး လက်ဆွဲကောက်စိုက်စက် မောင်းနှင်ထိန်းသိမ်းပြုပြင်ခြင်း သင်တန်းဖွင့်

**ကျောက်ဆည် ဇွန် ၂၅**

ကျောက်ဆည်မြို့နယ်တွင် ကျွမ်းကျင်သည့် စက်မှုလယ်ယာ စက်မောင်း/စက်ပြင် ပညာရှင်များ ပေါ်ပေါက်လာစေရန်နှင့် ကျွမ်းကျင်ပညာရှင်များက ဒေသအလိုက် ပညာပေးသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ လက်ဆွဲကောက်စိုက်စက်အသုံးပြုသူ တောင်သူများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအား ကူညီဆောင်ရွက်ပေးခြင်းလုပ်ငန်းများ ဆင့်ပွားဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဇွန် ၂၄ ရက်က မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ (အင်းကုန်း) ၌ အင်ဂျင်ပါဝါသုံး လက်ဆွဲကောက်စိုက်စက် မောင်းနှင်ထိန်းသိမ်းပြုပြင်ခြင်း သင်တန်း ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုးက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် အင်းကုန်းစက်ရုံမှ နည်းပညာ၊ ကျွမ်းကျင်ဝန်ထမ်းများနှင့် လိုအပ်သောစက်ပစ္စည်း အစိတ်အပိုင်းများ ကူညီပံ့ပိုးမှုဖြင့် မန္တလေး စက်မှုဇုန်(စိန်ပန်း – စက်မှုလက်မှု) အဖွဲ့ နှစ်ဖွဲ့မှ လက်ဆွဲကောက်စိုက်စက်အစီး ၅၀ ကို ပူးပေါင်းထုတ်လုပ်နိုင်ခဲ့ပြီး မေ ၁၈ ရက်တွင် တိုင်းဒေသကြီးအတွင်း ဒေသအသီးသီးသို့ မိုးစပါးစိုက်ပျိုးရာသီအမီ စပါးသီးနှံများစိုက်ပျိုးနိုင်ရေး ဖြန့်ဝေပေးနိုင်ကြောင်း ပြောကြားသည်။



မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ (အင်းကုန်း)မှ စက်ရုံမှူး ဦးမျိုးလွင်ဦးက သင်တန်းသားများအနေဖြင့် လက်ဆွဲကောက်စိုက်စက်နှင့်ပတ်သက်သည့် ထိန်းသိမ်းပြုပြင်နည်းများကို သေချာစွာ လေ့လာသင်ယူကြရန် ပြောကြားသည်။ အဆိုပါသင်တန်းသို့ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့မှ သင်တန်းသား ၅၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## မိတ္ထီလာမြို့နယ် ထွေ/အုပ်ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်

**မိတ္ထီလာ ဇွန် ၂၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ယမန်နေ့က အဆိုပါဦးစီးဌာန၌ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေးက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မိသားစုစည်းရုံးရေးကော်မတီဒုတိယဥက္ကဋ္ဌ ဦးဇင်ဝိုင်း၊ မိသားစုစည်းရုံးရေးကော်မတီ၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီတို့မှ တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ခဲ့သူများကို ဂုဏ်ပြုငွေချီးမြှင့်ခဲ့ပြီး ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးများအဖြစ် တက္ကသိုလ်အဆင့် ၁၉ ဦးအား တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀၊ အထက်တန်းအဆင့် ကိုးဦးအား တစ်ဦးလျှင် ငွေကျပ် ၁၂၀၀၀ နှင့် ဗလာစာအုပ် တစ်ဒါဇင်၊ အလယ်တန်းအဆင့် ၁၁ ဦးအား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှင့် ဗလာစာအုပ် တစ်ဒါဇင်၊ မူလတန်းအဆင့် ၃၄ ဦးအား တစ်ဦးလျှင် ငွေကျပ် ၈၀၀၀ နှင့် ဗလာစာအုပ် တစ်ဒါဇင်တို့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အစီရင်ခံစာအပေါ် မြန်မာနိုင်ငံ၏ တုံ့ပြန်ချက်

**မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၂ဒါဇင်ကျော်နှင့် ပတ်သက်သောဖော်ပြချက်များပါဝင်သည့် ၂၀၂၃ ခုနှစ်အတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အစီရင်ခံစာကို ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၃ ရက်တွင် ထုတ်ပြန်ခဲ့သည်။**

အဆိုပါအစီရင်ခံစာပါ မြန်မာနိုင်ငံနှင့်ပတ်သက်သည့်ဖော်ပြချက်တွင် အတည်မပြုနိုင်သော သတင်းရင်းမြစ်များနှင့် အစိုးရကိုဆန့်ကျင်သည့် အုပ်စုများထံမှရရှိသော အချက်အလက်များအပေါ် အခြေခံထားသည့် အခြေအမြစ်မရှိသော တစ်ဖက်သတ်စွပ်စွဲချက်များနှင့် မမှန်ကန်သည့် ကိန်းဂဏန်းများပါဝင်သည်ကို တွေ့ရှိရသည်။ ထို့အပြင် အစီရင်ခံစာ၌ ချိုးဖောက်မှုကျူးလွန်သည်ဟု စွပ်စွဲခံရသူများနှင့်ပတ်သက်၍ ရှင်းလင်းစွာဖော်ပြထားခြင်းမရှိသဖြင့် ထင်ယောင်ထင်မှား ဖြစ်စေသည်။ ထို့ပြင် တပ်မတော်ကကျူးလွန်သည်ဟု စွပ်စွဲဖော်ပြထားသည့် စာရင်းတွင် လက်နက်ကိုင်အဖွဲ့အမျိုးမျိုး၏ ကျူးလွန်မှုများအား ထည့်သွင်းထားသည်ကိုလည်းတွေ့ရှိရသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ်၏ မေတ္တာရပ်ခံချက်အရ မြန်မာအစိုးရက အချက်အလက်များအား အစီရင်ခံစာ မထုတ်ပြန်မီ ကြိုတင်ပေးပို့ခဲ့သော်လည်း ယင်းအချက်များကို အစီရင်ခံစာတွင် ထင်ဟပ်ဖော်ပြထားခြင်းမရှိသည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းတွင် ပါဝင်သည့် ကလေးသူငယ်များ၏ အခြေခံအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်လျက်ရှိသည်။ ကလေးသူငယ်ဥပဒေ (၁၉၉၃) ကိုပြင်ဆင်အစားထိုးခဲ့သည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ (၂၀၁၉) တွင် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများအား အရေးယူအပြစ်ပေးရန် ထည့်သွင်းပြဋ္ဌာန်းထားပြီးဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ၏ ဦးဆောင်မှုဖြင့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ အမျိုးသားအဆင့်တိုင်ကြားမှု ယန္တရားအဖြစ် 4 Digits (1566) Helpline ဝန်ဆောင်မှုကို ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလတွင် စတင်ဆောင်ရွက်ခဲ့သည်။

အရွယ်မရောက်သေးသူများအား စစ်မှုထမ်းစေသည်ဟူသော စွပ်စွဲမှုများနှင့်စပ်လျဉ်း၍ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေးကော်မတီသည် ကုလသမဂ္ဂစောင့်ကြည့်လေ့လာ အစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့ (UN Country Task Force on Monitoring and Reporting) နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ကော်မတီအနေဖြင့် ၂၀၁၂ ခုနှစ်မှစ၍ CTFMR နှင့် အစည်းအဝေးစုစုပေါင်း ၅၈ ကြိမ် ကျင်းပခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် CTFMR ၏ စုံစမ်းချက်များအပေါ် အချက်အလက် အထောက်အထားများဖြင့် ပြန်ကြားလျက်ရှိသည်။ ၂၀၂၃ ခုနှစ်အတွင်း CTFMR ကစုံစမ်းသည့် အသက်မပြည့်သူဟု သံသယရှိသူ စုစုပေါင်း ၉ ဦးသာရှိခဲ့သော်လည်း ယခုအစီရင်ခံစာတွင် တပ်မတော်က ၂၀၂၃ ခုနှစ်အတွင်း အသက်မပြည့်သေးသူ ၁၁၀၂ ဦးကို စစ်မှုထမ်းစေခဲ့သည်ဟု ချဲ့ကားဖော်ပြထားသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် အစီရင်ခံစာတွင် ပါဝင်သည့် အခြေအမြစ်မရှိသော စွပ်စွဲချက်များကို ကန့်ကွက်ပယ်ချပြီး၊ အပြုသဘောဆောင်သောချဉ်းကပ်မှုဖြင့် မျှတမှုရှိပြီး ယုံကြည်လက်ခံနိုင်သော အစီရင်ခံစာများကို ထုတ်ပြန်ရန် ကုလသမဂ္ဂအားတောင်းဆိုသည်။

**လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ်**
**ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ**
**၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်**

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထိုင်း၊ နီပေါနှင့်ကာတာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် တီဟီရန်မြို့၌ သီးခြားစီတွေ့ဆုံ

**တီဟီရန် ဇွန် ၂၅**

(၁၉) ကြိမ်မြောက် အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့ (အေစီဒီ) ၏ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ရန် တီဟီရန်မြို့၌ ရောက်ရှိနေသည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဇွန် ၂၄ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Maris Sangiampongsa နှင့် လည်းကောင်း၊ ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲတွင် နီပေါနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Mr. Narayan Kaji Shrestha Prakash နှင့် လည်းကောင်း၊ ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ကာတာနိုင်ငံ State Minister of Foreign Affairs Mr. Soltan Saad S. K. Al-Moraikhi နှင့် လည်းကောင်း တီဟီရန်မြို့ရှိ ပါရှန်အဇာဒီဟိုတယ်၌ သီးခြားစီတွေ့ဆုံသည်။

ထိုင်းနိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံစဉ် မြန်မာနှင့်ထိုင်းနိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ အေစီဒီ၊ အာဆီယံနှင့် ဘင်းမ်စတက်မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက လာမည့် ၂၀၂၅ ခုနှစ်တွင် အေစီဒီဥက္ကဋ္ဌအဖြစ် တာဝန်လွှဲပြောင်းထမ်းဆောင်မည့် ထိုင်းနိုင်ငံ၏ အရေးပါသည့်အခန်းကဏ္ဍအပေါ် ကြိုဆိုကြောင်းကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။

နီပေါဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ မြန်မာနှင့်နီပေါနိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံအကြား ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်း၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ၌ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး၊ နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။



ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထိုင်းနိုင်ငံခြားရေးဝန်ကြီး Mr. Maris Sangiampongsa နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။



ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကာတာနိုင်ငံ State Minister of Foreign Affairs Mr. Soltan Saad S. K. Al-Moraikhi နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။

ကာတာ State Minister of Foreign Affairs နှင့်တွေ့ဆုံစဉ် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ထည့်သွင်းရှင်းလင်းပြောကြားခဲ့သည်။

ထို့ပြင် မြန်မာ - ကာတာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာစေရေး၊ အေစီဒီအဖွဲ့တွင်း ပူးပေါင်းဆောင်ရွက်မှုများအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲများသို့ မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များဖြစ်ကြသည့် အီရန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## ဗဟန်း၌ အပူချိန်ထိန်းညှိ နည်းပညာတိုးတက်ရေး အလေးထားဆောင်ရွက်ပေး အသိပညာပေး Talk Show ပြုလုပ်

**ရန်ကုန် ဇွန် ၂၅**

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးနှင့် ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ဗဟန်း)တို့ ပူးပေါင်း၍ ၂၀၂၄ ခုနှစ် ကမ္ဘာ့အအေးပေးပစ္စည်းများနေ့အထိမ်းအမှတ် အကြိုအဖြစ် "အပူချိန်ထိန်းညှိ နည်းပညာတိုးတက်ရေး အလေးထားဆောင်ရွက်ပေး" ခေါင်းစဉ်ဖြင့် အသိပညာပေး Talk Show ကို ယနေ့ နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာန(ဗဟန်း)၌ ပြုလုပ်သည်။

အဆိုပါဆွေးနွေးပွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် (ဗဟန်း)မှ လက်ထောက်ညွှန်ကြားရေးမှူး၊ ဒေါ်အေးအေးခိုင်က Talk Show ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မြတ်သွယ်က ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ ဖြစ်ပေါ်လာပုံ၊ ၂၀၂၄ ခုနှစ် ကမ္ဘာ့အအေးပေးပစ္စည်းများနေ့၏ ဆောင်ပုဒ်နှင့်ရည်ရွယ်ချက်၊ အအေးပေးပစ္စည်းများ၏ အသုံးပြုပုံနှင့် ပတ်ဝန်းကျင်အပေါ်ထိခိုက်မှုများကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

**ကြည်ဖေသော် (ပြန်/ဆက်)**

# ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ထံမှ ပေးပို့သည့်သဝဏ်လွှာ

(၂၀၂၄ ခုနှစ် ဇွန်လ ၂၆ ရက်နေ့)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ နိုင်ငံသားများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်မေတ္တာဆုမွန်ကောင်း တောင်းလိုက်ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံမှ ဇွန်လ ၂၆ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ (ကမ္ဘာ့မူးယစ်ဆေးဝါးနေ့) အဖြစ်သတ်မှတ်ခဲ့သည့်အချိန်မှစ၍ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါးအလွဲသုံးမှုကင်းစင်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေးအတွက် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပလာခဲ့သည်မှာ (၃၇) ကြိမ်မြောက်ရှိပြီဖြစ်ပါသည်။

မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာတစ်ဝန်းရှိ သန်းပေါင်းများစွာသော လူနေမှုဘဝများကို ဆိုးရွားစွာထိခိုက်နစ်နာစေသည့် ဘက်ပေါင်းစုံစိန်ခေါ်မှုတစ်ရပ်အဖြစ် ဖော်ဆောင်လျက်ရှိပါသည်။ မူးယစ်ဆေးဝါးထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုသည် ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှု စသည့် နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် ဆက်နွှယ်လျက်ရှိပြီး နိုင်ငံတော်၏လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိခိုက်စေလျက် ရှိပါသည်။ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့်လည်း ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို များစွာထိခိုက်စေနိုင်ပြီး ကမ္ဘာနှင့်အဝန်း လူသားအရင်းအမြစ်ဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

နိုင်ငံတော်အစိုးရအနေနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသကဲ့သို့ အခြားတစ်ဖက်မှလည်း နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် မူးယစ်ဆေးဝါးပြဿနာကို ထိန်းချုပ်နိုင်ရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဘိန်းစိုက်ပျိုးမှုပြဿနာ၊ လူလုပ်မူးယစ်ဆေးဝါး ထုတ်လုပ်သုံးစွဲမှုပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို စနစ်တကျဖွဲ့စည်း၍ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးထားဆောင်ရွက်လျက် ရှိပါသည်။

မြန်မာနိုင်ငံသည် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေကို ခေတ်နှင့်လျော်ညီစေရန် ပြန်လည်သုံးသပ်ပြီး ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။ အလားတူ ၁၉၉၅ ခုနှစ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ နည်းဥပဒေကို ပြင်ဆင်သည့်နည်းဥပဒေကိုလည်း ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် ဘက်ပေါင်းစုံချဉ်းကပ်မှုများပါဝင်သည့် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မဟာဗျူဟာစီမံချက်ကိုလည်း ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းသုံးအဆင့်မြင့်ခေတ်မီရှာဖွေရေးကိရိယာများ ဝယ်ယူတပ်ဆင်ကာ မူးယစ်ဆေးဝါးသယ်ဆောင်မှုများကို ထိထိရောက်ရောက် ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့လက်အောက်ရှိ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ကို တပ်ဖွဲ့ခွဲ ၁၁ ခွဲ၊ တပ်ဖွဲ့စု ၇၁ စု တို့ဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ကြက်နေရာချထားပြီး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှု အနည်းငယ်မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျော့ချနိုင်ရန်အတွက် ဘိန်းစိုက်ရာသီအတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဆက်စပ်ဌာနဆိုင်ရာများ ပူးပေါင်း၍ ဒေသခံတိုင်းရင်းသား ပြည်သူများ ပူးပေါင်းပါဝင်လာအောင် စည်းရုံးခြင်း၊ အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ၂၀၂၃-၂၀၂၄ ခုနှစ် ဘိန်းစိုက်ပျိုးရာသီအတွင်း ဘိန်းခင်း ၆၁၈၁ ဧကကို ဖျက်ဆီးနိုင်ခဲ့ပါသည်။ ဘိန်းအစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေး စီမံခန့်ခွဲမှုအဖွဲ့၊ သီးနှံများအစားထိုးစိုက်ပျိုးရေးအဖွဲ့နှင့် မွေးမြူရေးအဖွဲ့တို့မှ စဉ်ဆက်မပြတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ယခင်က ဘိန်းစိုက်ပျိုးမှုနှင့် ဘိန်းဖြူထုတ်လုပ်မှုသည် အဓိကပြဿနာတစ်ရပ်ဖြစ်ခဲ့သော်လည်း ယခုအခါ ကမ္ဘာ့နိုင်ငံများနည်းတူ လူလုပ်မူးယစ်ဆေးဝါး (Synthetic Drug) ထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုပြဿနာကို ဆိုးရွားစွာရင်ဆိုင်နေရပါသည်။ လူလုပ်မူးယစ်ဆေးဝါး (Synthetic Drug) ထုတ်လုပ်မှုလျှော့ချရေးအတွက် ထိန်းချုပ်ဓာတုပစ္စည်းနှင့် ထိန်းချုပ်ထားခြင်းမရှိသည့် ဓာတုပစ္စည်းများ တရားမဝင်ဝင်ရောက်လာမှုအား ထိရောက်စွာ ထိန်းချုပ်နိုင်မှသာ ထုတ်လုပ်မှုလျော့ကျနိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ဓာတုပစ္စည်း ၃၉ မျိုးကို ထိန်းချုပ်လျက်ရှိပြီး ဓာတုပစ္စည်းများ လမ်းလွှဲမရောက်ရှိစေရေးအတွက် အဆင့်ဆင့်စစ်ဆေးကြပ်မတ်၍ ဆောင်ရွက်လျက်ရှိပါသည်။ ပြည်ပနိုင်ငံများမှ ဓာတုပစ္စည်းများ တရားမဝင်ဝင်ရောက်မှု မရှိစေရေးနှင့် လမ်းလွှဲမရောက်ရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဓာတုပစ္စည်းတင်ပို့ရောင်းချသည့် ပြည်ပနိုင်ငံများနှင့် ပို့ကုန်ကြိုတင်သတင်းပေး (Pre-Export Notification, PEN) စနစ်ဖြင့် ဆက်သွယ်ဆောင်ရွက်လျက် ရှိပါသည်။

မြန်မာနိုင်ငံသည် ဓာတုပစ္စည်းများ ထုတ်လုပ်နိုင်ခြင်းမရှိဘဲ ပထဝီအနေအထားအရ စက်မှုဖွံ့ဖြိုးပြီး ဓာတုပစ္စည်းထုတ်လုပ်သည့် နိုင်ငံတို့အကြားတည်ရှိနေသည့်အတွက် နယ်စပ်ဒေသများမှ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့်ဓာတုပစ္စည်းများ တရားမဝင်ဝင်ရောက်လျက် ရှိပါသည်။ မြန်မာနိုင်ငံအတွင်းရှိ အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် မူးယစ်ဆေးဝါးနှင့် ပါဝင်ပတ်သက်ခြင်းမရှိကြောင်း ငြင်းဆိုနေသော်လည်း လက်တွေ့တွင်မူ ၎င်းတို့ထိန်းချုပ်ရာနယ်မြေများ၌ ဓာတုပစ္စည်းများကို နယ်စပ်ဖြတ်ကျော် တရားမဝင်တင်သွင်းခြင်း၊ ပြည်ပမှ ဓာတုကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းပြီး မူးယစ်ဆေးဝါးထုတ်လုပ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နေချိန်တွင် လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေးမတည်ငြိမ်မှုများအပေါ် အခွင့်ကောင်းယူပြီး အကြမ်းဖက်သောင်းကျန်းသူများမှ မြို့/ရွာ များကို မီးရှို့ဖျက်ဆီးခြင်း၊ အင်အားတိုးချဲ့ခြင်း၊ ၎င်းတို့တိုင်းရင်းသားများ နေထိုင်ရာဒေသများ၌ မတည်မငြိမ်ဖြစ်အောင် အဖျက်လုပ်ငန်းများပြုလုပ်ခြင်းဖြင့် စီးပွားရေးကျဆင်းအောင်ဆောင်ရွက်ခြင်း၊ မြို့/ရွာများ၌ ပညာသင်ကြားခွင့်မရအောင်ဆောင်ရွက်ခြင်းတို့အား ပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း လမ်းပန်းဆက်သွယ်ရေးများ မပြတ်တောက်စေရေးနှင့် ဒေသတည်ငြိမ်ရေး အကြမ်းဖက်သောင်းကျန်းသူများ၏ တရားမဝင်မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်နေမှုကို တားဆီးနှိမ်နင်းရေးနှင့် လက်နက်/ခဲယမ်း/မီးကျောက်သယ်ယူမှုများကို တားဆီးနိုင်ရေးတို့အတွက် ငြိမ်းချမ်းရေးကိုလိုလားသည့် တိုင်းရင်းသားအဖွဲ့များ၊ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး လုံခြုံရေးနှင့်ပတ်သက်၍ လုပ်သင့်လုပ်ထိုက်သည်များကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးများကို ၂၀၁၃ ခုနှစ်မှ ၂၀၂၄ ခုနှစ် အထိ အကြိမ်ပေါင်း ၄၀ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၂၃ ခုနှစ်အတွင်း Operation 39 အထူး စစ်ဆင်ရေးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ခဲ့ပြီး မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ပရီကာဆာဓာတုပစ္စည်းများနှင့် မူးယစ်ဆေးဝါးများကို အောင်မြင်စွာဖော်ထုတ်ဖမ်းဆီး ဆောင်ရွက်နိုင်ခဲ့သဖြင့် ၂၀၂၄ ခုနှစ်တွင်လည်း Operation 39/24 အထူးစစ်ဆင်ရေးကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောင်မြင်မှုရရှိနေသော်လည်း ဖမ်းဆီးရမိသည့် အဓိကတရားခံများကို ထိရောက်သည့် ပြစ်ဒဏ်ချမှတ်နိုင်ရေးနှင့် အချို့တရားခံများမှာ ပြစ်ဒဏ်မှလွတ်မြောက်ပြီးနောက် ပြစ်မှုများထပ်မံကျူးလွန်နေသည်ကို ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ တွေ့ရှိရသည့်အတွက် တရားခံများ၏ မူးယစ်ဆေးဝါးပြစ်မှုကျူးလွန်ရာမှ ရရှိသည့်ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် ထိထိရောက်ရောက် သိမ်းဆည်းအရေးယူသွားမည် ဖြစ်ပါသည်။

ဖမ်းဆီးရမိ မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို နှစ်စဉ်ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့များတွင် မီးရှို့ဖျက်ဆီးလျက်ရှိရာ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့၌ ငွေကျပ် ၉၃၆ ဘီလီယံကျော် တန်ဖိုးရှိမူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် တောင်ကြီးမြို့တို့တွင် မီးရှို့ဖျက်ဆီးနိုင်ခဲ့ပါသည်။

“ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ပို၍ကောင်းသည်” ဟူသည့်စကားအတိုင်း ကျောင်းသားလူငယ်များအတွက် အဆင့်မြင့်နှင့် အခြေခံပညာကျောင်းများ၊ ကျောင်းပြင်ပစခန်းများတွင် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူတစ်ရပ်လုံး မူးယစ်ဆေးဝါးအန္တရာယ်ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိရှောင်ရှားနိုင်ရန်အတွက် အသိပညာပေးလှုံ့ဆော်ရေး လုပ်ဆောင်မှုများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးလုပ်ငန်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး စသည့် အဖွဲ့အစည်း ၅ ခု ဖြင့် မူးယစ်ဆေးဝါးပညာပေးရေးလုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးစွဲလူနာများ ကုသရေးနှင့် နောက်ဆက်တွဲအန္တရာယ်လျှော့ချရေးအတွက် နိုင်ငံတစ်ဝန်းလုံးတွင် ဆေးကုသရေးဌာနကြီး ၂၉ ခု၊ ဌာနငယ် ၅၆ ခုနှင့် မက်သာဒုံးဆေးခန်း ၉၀ ခု တို့ ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ရာ ၂၀၂၃ ခုနှစ်အတွင်း မူးယစ်ဆေးစွဲလူနာ ၂၆၅၉၅ ဦးအား ကုသပေးနိုင်ခဲ့ပြီး ၂၃၈၇၅ ဦးအား မက်သာဒုံးတိုက်ကျွေးနိုင်ခဲ့ပါသည်။ မူးယစ်ဆေးဖြတ်ပြီးသူများ လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက်လည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပြန်လည်ထူထောင်ရေးစခန်းများ ၁၄ ခုကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စဉ်ဆက်မပြတ် ပြုစုပျိုးထောင်ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး ပူးပေါင်းတိုက်ဖျက်ရေးလုပ်ငန်းများကို ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် ရန်ကုန်မြို့အခြေစိုက် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် UNODC (United Nations Office on Drugs and Crime)၊ AFP (Australian Federal Police)၊ DEA (Drug Enforcement Administration)၊ NNCC (National Narcotics Control Commission)၊ ONCB (Office of Narcotics Control Board) တို့နှင့်လည်း ပိုမိုတိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ၂၀၂၃ ခုနှစ်အတွင်း (၂၄) ကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး အစည်းအဝေးအားလည်းကောင်း၊ (၄၄) ကြိမ်မြောက် အာဆီယံအဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးအားလည်းကောင်း၊ ၂၀၂၄ ခုနှစ်အတွင်း (၇) ကြိမ်မြောက် မြန်မာ - အိန္ဒိယ နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး ညွှန်ကြားရေးမှူးချုပ်အဆင့် အစည်းအဝေးအားလည်းကောင်း၊ ASOD (The ASEAN Senior Officials Meeting on Drug Matters) တာဝန်ခံများ၏ အာဆီယံစီမံချက်များ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲအားလည်းကောင်း၊ (၁၆)ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးစောင့်ကြပ်ကြည့်ရှုမှု

*စာမျက်နှာ ၉ သို့*

စာမျက်နှာ ၈ မှ

လုပ်ငန်းကွန်ရက် အစည်းအဝေးအားလည်းကောင်း မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် ဦးဆောင်ကျင်းပနိုင်ခဲ့ပြီး နိုင်ငံတကာနှင့် မူးယစ်ဆေးဝါးပူးပေါင်းတိုက်ဖျက်ရေးအရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်၍ ယခုနှစ် (၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) မှ ပေးပို့သည့်ဆောင်ပုဒ် " The Evidence is clear : invest in Prevention" " မူးယစ်အန္တရာယ်ကင်းစင်ရေး၊ ဘက်စုံကြိုတင်ကာကွယ်ပေး" ဆိုသည့်အတိုင်း နိုင်ငံတိုင်းအလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်လည်း ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးတို့ကို အဟန့်အတားဖြစ်စေသည့် မူးယစ်ဆေးဝါးအန္တရာယ်ကို နိုင်ငံတော်အစိုးရအနေဖြင့် နည်းလမ်းအသွယ်သွယ်ဖြင့် အရှိန်အဟုန်မြှင့်တင်ကြိုးပမ်းဆောင်ရွက်နေသလို တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုအင်အားဖြင့် ဘက်ပေါင်းစုံမှ ပူးပေါင်းပါဝင် ကူညီပေးကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

# ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**နေပြည်တော် ဇွန် ၂၅**

ပြည်ထောင်စု တရားလွှတ်တော်ချုပ်အနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းနိုင်စေရန်၊ စိမ်းလန်းစိုပြည်သည့် ရေမြေဖြစ်ထွန်းစေရန်၊ ကောင်းမွန်မျှတသည့် ရာသီဥတု ဖြစ်ပေါ်စေရန်နှင့် အရိပ်အာဝါသရရှိစေရန် ရည်ရွယ်၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိရာ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ကောင်စီ နယ်မြေ ဇေယျာသီရိခရိုင် တရားရုံးရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရား လွှတ်တော်ချုပ်တရားသူကြီးများ တက်ရောက်၍ ရတနာတန်းဝင် တမလန်းပင်များကို ဦးဆောင်စိုက်ပျိုးပေးကြပြီး အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများမှ တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် ရုံးဝန်ထမ်းများက အမျိုးသားရေး လှုပ်ရှားမှုအသွင်ဖြင့် သတ်မှတ်နေရာများ၌ ရတနာတန်းဝင် ကျွန်းနှင့် တမလန်းပင်များ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ပြည်ထောင်စုတရား လွှတ်တော်ချုပ်အနေဖြင့် ယခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းနှင့် တမလန်းပင် စုစုပေါင်း ၁၃၆ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီးအတွင်းရှိ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြှင့်တင်ရေးဆွေးနွေးပွဲ ၂၀၂၄ ကျင်းပ

**မကွေး ဇွန် ၂၅**




မကွေးတိုင်းဒေသကြီး အတွင်းရှိ ပြည်တွင်းရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ မြှင့်တင်ရေးဆွေးနွေးပွဲ ၂၀၂၄ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မကွေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းမှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ ဖိတ်ကြားထားသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးမားသော အခွင့်အလမ်းများကို ဖန်တီးပေးနိုင်သော မကွေးတိုင်းဒေသကြီးအတွင်း MSME လုပ်ငန်းများ အပါအဝင် ပြည်တွင်း၊ နိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံတော်က လိုအပ်သည်များကို စိစစ်ဖြည့်ဆည်းနိုင်ရေး ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် လက်ရှိလုပ်ငန်းများ ပိုမိုအခြေခိုင်မာစွာ လည်ပတ်နိုင်ပြီး ဒေသထုတ်ကုန်များ ထုတ်လုပ်မှုတိုးတက်လာစေရေး ကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးပွဲတွင် ဝိုင်းဝန်းဆွေးနွေး အဖြေရှာခြင်းဖြင့် တိုင်းဒေသကြီး၏ လူမှုစီးပွားဖွံ့ဖြိုးလာစေရေး ကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်များ ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ တာဝန်ရှိသူများက "မကွေးတိုင်းဒေသကြီး၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ" ခေါင်းစဉ်ဖြင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေး၊ စက်မှုလက်မှု၊ ဟိုတယ်နှင့်ခရီးသွားလာရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ မွေးမြူရေးနှင့် ရေလုပ်ငန်း၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများ၏ အလားအလာကောင်းများကို အချက်အလက်များဖြင့် တင်ပြသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီးအတွင်း အလျင်အမြန်ဖွံ့ဖြိုး တိုးတက်လာနိုင်သည့် ဆီထွက်သီးနှံနှင့် ဝါစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးကဏ္ဍနှင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍတို့ကို အားပေးမြှင့်တင်နိုင်ရန် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ကျွမ်းကျင်သူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပါဝင်ဆွေးနွေးကြပြီး တက်ရောက်လာသူများ၏ မေးခွန်းများကို ပြန်လည်ဖြေကြားကြသည်။

အဆိုပါဆွေးနွေးပွဲကို မကွေးတိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ပိုမိုသိရှိနိုင်စေရန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် လုပ်ငန်းရှင်များ တွေ့ကြုံနေရသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းကူညီပေးနိုင်ရန် ရည်ရွယ်၍ ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ၂၀၂၄ ခုနှစ် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာညီလာခံသို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် ဇွန် ၂၅**



ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၄ ခုနှစ် ဇွန် ၂၆ ရက်မှ ၂၈ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်းရှီးပြည်နယ် နန်းချန်းမြို့၌ ကျင်းပပြုလုပ်မည့် ၂၀၂၄ ခုနှစ် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာညီလာခံ (Shanghai Cooperation Organization Forum on Traditional Medic-ine) သို့ တက်ရောက်ရန် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးကောင်စစ်ဝန် Mr. Ouyang Daobing ဦးဆောင်သော ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာညီလာခံကို တရုတ်ပြည်သူ့သမ္မတနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်၍ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ၊ တိုင်းရင်းဆေး ပညာရပ်ဆိုင်ရာ ပညာရှင်များ ပါဝင်တက်ရောက်ကြမည်ဖြစ်ပြီး ညီလာခံကို "Inheritance, Integration, and Development" ခေါင်းစဉ်ဖြင့် ကျင်းပ ပြုလုပ်မည်ဖြစ်ပြီး ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ဝင်နိုင်ငံများအကြား တိုင်းရင်းဆေးပညာရပ်ကို အပြန်အလှန်လေ့လာနိုင်ရန်၊ တိုင်းရင်းဆေးမူပိုင်ခွင့် ကိစ္စရပ်များကို ဆွေးနွေးနိုင်ရန်၊ တိုင်းရင်းဆေးတက္ကသိုလ်များအကြား ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ တိုင်းရင်းဆေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အသိပညာဖလှယ်မှုများ ပိုမိုခိုင်မာလာစေရန်နှင့် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေး အသိုက်အဝန်း ထူထောင်ရာတွင် အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ ကျင်းပကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၃/၂၀၂၄) ဖွင့်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် ဇွန် ၂၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၃/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်နယ်မြေခံ လေ့ကျင့်ရေးကျောင်း၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ လေ့ကျင့်ရေးကျောင်း ခေတ္တကျောင်းအုပ်ကြီးနှင့် တပ်မတော်အရာရှိကြီးများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နယ်မြေခံလေ့ကျင့်ရေးကျောင်း ခေတ္တကျောင်းအုပ်ကြီးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက သင်တန်းသားများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

သင်တန်းဖွင့်ပွဲအပြီးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများသည် ခန်းမ၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၃/၂၀၂၄) တက်ရောက်မည့် သင်တန်းသားများအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ထာဝရ ရပ်တည်မြဲမြံစေရန်အတွက် စောင့်ထိန်းရမည့် အမျိုးသားရေးတာဝန်ဖြစ်ကြောင်း၊ ပြည်သူအားလုံးပါဝင်သည့် ပြည်သူ့ကာကွယ်ရေးစနစ်၊ ပြည်သူ့လုံခြုံရေးစနစ် စတင်ဆောင်ရွက်နေပြီဖြစ်ရာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့် အမျိုးသားစစ်မှုထမ်းစနစ်တွင် ပါဝင်ထမ်းဆောင်ကြမည့် မျိုးဆက်သစ်လူငယ်ရဲဘော်များအားလုံးကို လေးစားဂုဏ်ယူပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းမှူးက သင်တန်းသားများအား ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၃/၂၀၂၄)မှ သင်တန်းသားများအတွက် ထောက်ပံ့ငွေ ကျပ်သိန်း ၁၀၀ ကိုလည်းကောင်း၊ တိုင်းမှူးက သင်တန်းသားများအတွက် စားသောက်ကုန်ပစ္စည်းများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကြရာ ခေတ္တကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။



ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများသည် သင်တန်းသားများနှင့်အတူတကွ နံနက်စာသုံးဆောင်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းမှူးတို့သည် သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

# မွန်ပြည်နယ် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၃/၂၀၂၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ



**မော်လမြိုင် ဇွန် ၂၅**

မွန်ပြည်နယ် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၃/၂၀၂၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နယ်မြေခံ လေ့ကျင့်ရေးကျောင်း၌ ကျင်းပရာ ပြည်နယ်ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးတိုးဝင်း၊ ပြည်နယ် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ပြည်သူ့စစ်မှုထမ်း သင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာ နယ်မြေခံ လေ့ကျင့်ရေး ကျောင်း ကျောင်းအုပ်ကြီးက သင်တန်းဖွင့် မိန့်ခွန်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းကာလအတွင်း သင်ကြားပေးသည့် အတတ်ပညာများကို လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် ဆောင်ပုဒ်နှင့်အညီ နေထိုင်ကျင့်ကြံပြီး စစ်သားကောင်းတစ်ယောက်ဖြစ်အောင် စိတ်ရောကိုယ်ပါ လေ့ကျင့်သင်ကြားကြရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ် (၃/၂၀၂၄) သင်တန်း၊ သင်တန်းသားများအတွက် ကြက်ဥနှင့် ခေါက်ဆွဲခြောက်များ ထောက်ပံ့ပေးအပ်ရာ သင်တန်းကျောင်း ကျောင်းအုပ်ကြီးက လက်ခံယူပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။


**သက်နိုင်(မော်လမြိုင်)**

❖ *ကျောဖုံးမှ*

အဆိုပါသင်တန်းကျောင်းများသို့ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ သင်တန်းကျောင်း ခန်းမများ၌ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ် (၃)မှ သင်တန်းသားများအား တွေ့ဆုံအမှာစကား ပြောကြားသည်။ ထို့နောက် သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးခဲ့ကြသည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၃)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံ့တာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ရန် သင်တန်း တက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါသည်-

"စစ်မှုထမ်းရမယ်ဆိုတဲ့ ကန့်သတ်ချက်နဲ့ ကိုက်ညီလို့ နိုင်ငံသားတစ်ယောက်ရဲ့ တာဝန်အရ စိတ်ပါပြီးတော့မှ စာရင်းပေးပြီး ဒီကို ရောက်ရှိလာတာပါ။ ကျွန်တော် ဒီသင်တန်း ပြီးဆုံးသွားရင်တော့ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်အောင်ရယ်၊ ပြီးရင် စည်းကမ်းတကျနဲ့လည်း နေထိုင်သွားမယ်။ ဒီသင်တန်းပြီးလို့ရှိရင် တာဝန်ကျတဲ့နေရာမှာ နိုင်ငံ့



တာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်ပါမယ်" ဟု သင်တန်းသားတစ်ဦးက ပြောသည်။

"အမှတ်စဉ်(၂)မှာ စာရင်းသွားပေးတယ်။ ဒါပေမယ့် လူစာရင်းပြည့်သွားတဲ့အတွက် ကျွန်တော် တက်ရောက်ခွင့် မရခဲ့တာပါ။ အမှတ်စဉ်(၃) မှာ ကျွန်တော့် ဆန္ဒနဲ့ ကျွန်တော်ဝင်လာခဲ့တာပါ။ နိုင်ငံတကာမှာ ပြည်သူ့စစ်မှုထမ်း ဥပဒေ ပြဋ္ဌာန်းထားတဲ့အတွက်ကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း အခုလို ပြည်သူ့စစ်မှုထမ်း ဥပဒေပြဋ္ဌာန်းလိုက်တာ မြန်မာနိုင်ငံအတွက် အများကြီး အကျိုးရှိပါတယ်။ ကျွန်တော်တို့



ဘာသာ၊ သာသနာ ကာကွယ်ဖို့အတွက် နိုင်ငံသားတိုင်းမှာ တာဝန်ရှိပါတယ်။ အဲဒါကြောင့် မလို့ ကျွန်တော်တို့ အခုလို သင်တန်းတက်ရောက်လာတာပါ။ နောက်လာတက်မယ့် အမှတ်စဉ်တွေက ညီအစ်ကိုမောင်နှမတွေကိုလည်း ကျွန်တော်တို့ ဖိတ်ခေါ်ပါတယ်"ဟုသင်တန်းသားတစ်ဦးက ပြောသည်။

"ရောက်ရှိလာတဲ့ အချိန်မှာ ခံစားချက်ကတော့ အလွန်ကို ပျော်ရွှင်တဲ့ခံစားချက် ရရှိပါတယ်။ ကိုယ့်ရှေ့မှာလုပ်နေတဲ့ စီနီယာကြီးတွေကို ကြည့်ပြီးတော့မှ အားကျရပါတယ်။ လေးလည်း လေးစားရပါတယ်။ ဒီမှာရှိတဲ့ နည်းပြတွေ အကုန်လုံးကလည်း ကိုယ့်ရဲ့ ညီအစ်ကိုမောင်နှမ သွေးသားရင်းလိုမျိုး ဂရုစိုက်တဲ့အတွက် အားလုံးအစစအရာရာ အဆင်ပြေပါတယ်။ ညီအစ်ကိုတို့ကို ပြောချင်တာကတော့ သူများ ကောလာဟလတွေကို လုံးဝ(လုံးဝ) မယုံဘဲနဲ့ ဒီမှာရှိတဲ့



ညီအစ်ကို မောင်နှမတွေ ဘယ်လိုအဆင်ပြေနေတယ်။ ဘယ်လိုပျော်ရွှင်နေကျတယ် ဆိုတာလေးကို သိစေချင်ပါတယ်။ လာရောက်မယ်ဆိုလို့ ရှိရင်လည်း နွေးထွေးစွာ ကြိုဆိုလျက်ရှိပါတယ် ခင်ဗျာ" ဟု သင်တန်းသားတစ်ဦးက ပြောသည်။ **သတင်းစဉ်**



ပြည်သူ့စစ်မှုထမ်းသင်တန်းသားများကို တာဝန်ရှိသူများက ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၃/၂၀၂၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဇွန် ၂၅**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၃/၂၀၂၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက တိုက်ကြီးမြို့နယ်ရှိ နယ်မြေခံသင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ထွန်းထွန်းဦး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ စစ်ဘက်နယ်ဘက်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နယ်မြေခံသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးက သင်တန်းဖွင့် အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းသားများအား အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ **(ယာပုံ)**

ယင်းနောက် နယ်မြေခံသင်တန်းကျောင်းအုပ်ကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သင်တန်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။





အလားတူ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ နယ်မြေခံသင်တန်းကျောင်း၌ ဖွင့်လှစ်သောပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၃/၂၀၂၄) ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး ဇော်မျိုးထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# ဟိုပုံးမြို့၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၃/၂၀၂၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

ဟိုပုံး ဇွန် ၂၅

**ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့၌ ပြည်သူ့စစ်မှုထမ်းသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် သိန်းနိုင်၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး၊ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့များ တက်ရောက်ကြသည်။**



### ရင်းရင်းနှီးနှီးနှုတ်ဆက်

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်း သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။ (ယာပုံ)

### ဂုဏ်ယူစွာထမ်းဆောင်စေလို

ဆက်လက်၍ ဘုရင့်နောင် အားကစားခန်းမ၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၃/၂၀၂၄) သင်တန်းဖွင့်ပွဲကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းသည် နိုင်ငံသားတစ်ဦးအတွက် ဂုဏ်ယူဖွယ်ဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေသည် အခြား ပြည်ပနိုင်ငံများတွင်လည်း ကျင့်သုံးလျက်ရှိကြောင်း၊ သင်ကြားပို့ချပေးသည့် ဘာသာရပ်များကို စိတ်ပါဝင်စားစွာ နာယူမှတ်သားကြစေလိုကြောင်း၊ သင်တန်းကာလပြီးဆုံးပါက မိမိတို့ တာဝန်ကျရာ အရပ်ဒေသအသီးသီးတွင် တာဝန်ကျေပွန်သော တပ်မတော်သားများအဖြစ် ဂုဏ်ယူစွာ ထမ်းဆောင်စေလိုကြောင်း ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းအတွက် ထောက်ပံ့ငွေပေးအပ်ရာ ကျောင်းအုပ်ကြီးက လက်ခံယူခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ပင်လောင်းမြို့၌ ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၃/၂၀၂၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**ပင်လောင်း ဇွန် ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်တွင် ပြည်သူ့စစ်မှုထမ်း အမှတ်စဉ် (၃/၂၀၂၄) သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နယ်မြေခံသင်တန်းကျောင်း၌ ပြုလုပ်သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်ဇော်ထက်နှင့် အဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ အရာရှိစစ်သည်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ချီးမြှင့်ခဲ့ကြပြီး ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၃/၂၀၂၄) သင်တန်းဖွင့်ပွဲတွင် သင်တန်းကျောင်းမှ ခေတ္တတပ်မှူး ဒုတိယဗိုလ်မှူးကြီး စံအောင်ကျော်က ဖွင့်ပွဲမိန့်ခွန်းပြောကြားသည်။**(အောက်ပုံ)**

ထို့နောက် သင်တန်းခန်းမ၌ တွေ့ဆုံပွဲနှင့် ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားတွင် ပြည်နယ်စီးပွားရေးရာဝန်ကြီးက ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၃/၂၀၂၄) သင်တန်းသားများနှင့် တွေ့ဆုံအားပေး အမှာစကားပြောကြားပြီး ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သည့် ငွေကျပ်သိန်း ၅၀ ကို ပြည်နယ်စီးပွားရေးရာဝန်ကြီးက ပေးအပ်ရာ သင်တန်းသားများ၏ ကိုယ်စားခေတ္တတပ်မှူး ဒုတိယဗိုလ်မှူးကြီး စံအောင်ကျော်က လက်ခံယူသည်။

ယင်းနောက် စီးပွားရေးရာဝန်ကြီးက သင်တန်းသားများ၏ အိပ်ဆောင်၊ ထမင်းစားဆောင်နှင့် ရေချိုးသည့်နေရာများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





# ပြင်ဦးလွင်မြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ

## နိုင်ငံတစ်နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် လူ့အရင်းအမြစ်များကို အခြေခံ၍ တည်ဆောက်ရမည်

**နေပြည်တော် ဇွန် ၂၅**

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောင်းသား ကျောင်းသူများ စာအုပ်စာပေ လေ့လာဖတ်ရှုနိုင်ရန်နှင့် စာပေလေ့လာဖတ်ရှုခြင်းမှရရှိသော အသိပညာဗဟုသုတများကို ပြန်လည်အသုံးချမှုဝေနိုင်ရန် ရည်ရွယ်၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်တို့ တက်ရောက်အားပေးသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဆန်း၊ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇော်ဦးတို့က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

### ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်

ရှေးဦးစွာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဆန်း၊ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇော်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တက်ရောက် လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ ပါဝင်ကူညီခဲ့သည့် ပန်းဖွားအဖွဲ့၊ ဘင်ခရာအဖွဲ့နှင့် တိုးနယားအကအဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို အဆိုပါကျောင်း၌ ဆက်လက်ကျင်းပရာ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **“ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့”** သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးပြီး **“စာပဒေသာဝေဆာစေမည်”** Video Clip ကို ပြသသည်။

### ဝိုင်းဝန်းလုပ်ဆောင်

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် လူ့အရင်းအမြစ်များကို အခြေခံ၍ တည်ဆောက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန် ကျောင်းသူကျောင်းသား၊ လူငယ်၊ လူရွယ်များအား အဓိက ပြုစုပျိုးထောင်၍ ဝိုင်းဝန်းလုပ်ဆောင်ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်က ပညာသင်ခြင်းသည် နိုင်ငံ၏ အနာဂတ်အတွက် မရှိမဖြစ်အရေးပါသည့် လူ့စွမ်းအားအရင်းအမြစ်ပျိုးထောင်ခြင်းဖြစ်၍ လူငယ်များ အပါအဝင် ပြည်သူများ စာဖတ်ကြစေရန်၊ စာပေလေ့လာဖတ်ရှုနိုင်သည့် ပတ်ဝန်းကျင်များ ဖန်တီးပေးရန် လမ်းညွှန်ထားပါကြောင်း၊ စာပေဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာ ဗဟုသုတများစွာ ရရှိနိုင်သဖြင့် စာအုပ်စာပေကို ခင်တွယ်ပြီး တန်ဖိုးထားဖတ်ရှုကြရန် လိုပါကြောင်း၊ စာအုပ်စာပေလေ့လာဖတ်ရှုရာတွင် ဖတ်ရှုရုံသက်သက်မလုပ်ဘဲ ဖတ်သမျှကို မှတ်သားခြင်း၊ မှတ်သားမိသမျှကိုလည်း ပြန်လည်မျှဝေဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ နောင်တစ်ခေတ်တွင် တိုင်းပြည်က အားကိုးအားထားပြုရမည့် နိုင်ငံ့သားကောင်းများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးရွာစာကြည့်တိုက်အသစ် ၁၇ လုံး ဆောက်လုပ်နိုင်ရေးအတွက် ငွေကျပ်သိန်း ၂၅၅၀ နှင့် ဒေသခံပြည်သူများ စာပေဖတ်ရှုလေ့လာနိုင်ရန် ကျေးရွာစာကြည့်တိုက် ၆၀၀ အတွက် စာအုပ်စာစောင် ၁၂၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က လက်ခံရယူပြီး ပြင်ဦးလွင်မြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းများအတွက် DTH စလောင်း ခုနစ်စုံနှင့် DVB T2 Set Top Box ခုနစ်လုံးတို့ကို ပေးအပ်လှူဒါန်းရာ အခြေခံပညာကျောင်းများမှ ကျောင်းအုပ် ဆရာ ဆရာမကြီးများက လက်ခံရယူကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့ဝင်များ ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုလေ့လာစဉ်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်ကကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

ထို့နောက် စာရေးဆရာ ဦးအောင်သင်း (ကိုရွှေအောင်သင်း) က ကျောင်းစာကြည့်တိုက်အတွက် စာအုပ်/ စာစောင်များကို ပေးအပ်လှူဒါန်းရာ ခရိုင်ပညာရေးမှူး ဒေါ်ရွှေစင်အိက လက်ခံရယူသည်။

### ဖျော်ဖြေတင်ဆက်

ဆက်လက်၍ နိုင်ငံကျော်အနုပညာရှင်များဖြစ်သည့် အကယ်ဒမီ အုန်းသီး၊ ဒိန်းဒေါင်နှင့် ငြိမ်းချမ်းတို့က ဖျော်ဖြေတင်ဆက်ကြသည်။

### ကြည့်ရှုအားပေး

ယင်းနောက် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **“ထာဝရမြန်မာ”** သီချင်းဖြင့်လည်းကောင်း၊ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **“အောင်မြင်ပါစေ မြန်မာပြည်”** သီချင်းဖြင့်လည်းကောင်း၊ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **“ဘက်စုံပညာရည်တို့လှမ်းချီ”** သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အကအဖွဲ့များအား ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ကာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွင်း ခင်းကျင်းပြသထားသော စာအုပ်စာစောင်များ၊ ဌာနဆိုင်ရာပြခန်းများ၊ ဓာတ်ပုံပြပွဲများ၊ ပုံပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဂိမ်းပြိုင်ပွဲများ ကျင်းပနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယခုကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်သို့ ပြင်ဦးလွင်မြို့ရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူ ၄၀၀၀ ခန့် တက်ရောက်ခဲ့ကြပြီး ပွဲတော်တွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုလေ့လာကာ ပြိုင်ပွဲများနှင့် ဖျော်ဖြေပွဲများတွင်လည်း ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲခဲ့ကြသည်။

**သတင်းစဉ်**

## လယ်ဝေးမြို့နယ်၌ အခွန်ပညာပေးဆွေးနွေး

**လယ်ဝေး ဇွန် ၂၅**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် အခွန်ဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိလုပ်ငန်းရှင်များအား ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်များနှင့် အခွန်ပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူးရုံး ညွှန်ကြားရေးမှူး ဦးသက်ဆိုင်အောင်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးထွန်းလင်းထွဋ်က ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသည့်လုပ်ငန်းရှင်များက သိလိုသည်များမေးမြန်းရာ တာဝန်ရှိသူများက ဖြေကြားသည်။ အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့နယ်အတွင်းရှိ လုပ်ငန်းရှင် ၆၃ ဦး တက်ရောက်ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ဝေကြည်(ပြန်/ဆက်)**

# ယွန်းပညာကောလိပ်(ပုဂံ)တွင် တက်ရောက်ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအနေဖြင့် သင်တန်းကာလ နှစ်နှစ် ပြီးဆုံးပါက ယွန်းပညာဒီပလိုမာဘွဲ့ ချီးမြှင့်ပေးအပ်မည်



**နေပြည်တော် ဇွန် ၂၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အောက်ရှိ ယွန်းပညာကောလိပ်(ပုဂံ)၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ (အမရပူရ)တို့မှ နည်းပြဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ လေ့လာရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သမဝါယမနှင့် စီမံခန့်ခွဲမှုတက္ကသိုလ် (သန်လျင်နှင့် စစ်ကိုင်း)တို့မှ ပါမောက္ခချုပ်များ၊ ယွန်းပညာကောလိပ် (ပုဂံ)၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ (အမရပူရ)တို့မှ ကျောင်းအုပ်ကြီးများ၊ ကြီးကြပ်သူဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

### ချိတ်ဆက်ဆောင်ရွက်

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယွန်းပညာကောလိပ် (ပုဂံ) တွင် တက်ရောက်ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအနေဖြင့် သင်တန်းကာလ နှစ်နှစ် ပြီးဆုံးပါက ယွန်းပညာဒီပလိုမာဘွဲ့ ချီးမြှင့်ပေးအပ်မည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းမီသူများအနေဖြင့် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်နှင့်စစ်ကိုင်း)တို့သို့ ပေါင်းကူးတက်ရောက်ခွင့် ရမည်ဖြစ်ကြောင်း၊ လက်တွေ့လုပ်ငန်းခွင်ဝင်ရောက်လုပ်ကိုင်မည့်သူများအနေဖြင့်လည်း ပုဂံ-ညောင်ဦးဒေသရှိ မြန်မာ့ရိုးရာယွန်းလုပ်ငန်းများတွင်လည်းကောင်း၊ ကိုယ်ပိုင်ယွန်းလုပ်ငန်းရှင်များအဖြစ် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထူထောင်သွားနိုင်မည်ဖြစ်ကြောင်း၊ အလားတူ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံသို့တက်ရောက်နေသော ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်သူ တစ်နှစ် သင်တန်းတက်ရောက်အောင်မြင်ပြီးပါက ချည်မျှင်နှင့် အထည်အလိပ်ဒီပလိုမာတစ်နှစ်သင်တန်းကို တက်ရောက်ခွင့်ရကြမည်ဖြစ်ကြောင်း၊ သင်တန်းပြီးဆုံးသွားပါက အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအောက်ရှိ ရက်ကန်းသင်တန်းကျောင်းများ၊ နိုင်ငံပိုင်၊ တပ်မတော်ပိုင်၊ ပုဂ္ဂလိကပိုင်ချည်မျှင်နှင့် အထည်စက်ရုံကြီးများတွင် ဝင်ရောက်လုပ်ကိုင်ခွင့်ရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ယွန်းပညာကောလိပ်၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတို့၏ သင်တန်းဆိုင်ရာ Video Clip ကို ပြသသည်။

### ကြည့်ရှုအားပေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ယွန်းပညာကောလိပ်မှ ကျောင်းသား ကျောင်းသူများ၏ ယွန်းနည်းစဉ်ပြုလုပ်ပုံအဆင့်ဆင့် လက်တွေ့သရုပ်ပြသခြင်းကို လိုက်လံကြည့်ရှုအားပေးသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင် ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ယွန်းပညာကောလိပ်(ပုဂံ)မှ ကျောင်းသူလေးများက ပုဂံမုဒြာအကဖြင့်လည်းကောင်း၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ (အမရပူရ) မှ ကျောင်းသူလေးများက မင်္ဂလာပါနှင့် လက်ခတ်သံတေးသရုပ်ဖော်အကဖြင့်လည်းကောင်း ကပြဖျော်ဖြေကြရာ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များက ပြည်ထောင်စုဝန်ကြီးထံ ဂါရဝပြုလက်ဆောင်များ ပေးအပ်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

### အလှူငွေများလှူဒါန်း

အဆိုပါလေ့လာရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇင်လတ်၊ တာဝန်ရှိသူများနှင့်အတူ နေပြည်တော် (ဗုဒ္ဓဂယာ) မဟာဗောဓိစေတီတော်ကြီးအတွင်းရှိ ရုပ်ပွားတော်မြတ်အားဖူးမြော်ပြီး အလှူငွေများ ထည့်ဝင်လှူဒါန်းကြကာ သတ္တသတ္တာဟခုနစ်ဌာနဖြစ်သည့် မဟာဗောဓိပင်နှင့် ရွှေပလ္လင်တော်၊ အနိမိသကုန်းတော်၊ ရတနာစင်္ကြံတော်၊ ရတနာဃရရွှေစံအိမ်၊ အဇပါလဆိတ်ကျောင်းညောင်ပင်၊ မုစ္စလိန္ဒာ ရေကန်နှင့် ရာဇာယတနလင်းလွန်းပင်တို့ကို လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ထို့အတူ လေ့လာရေးအဖွဲ့ဝင်များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV) သို့ သွားရောက်၍ သတင်းရိုက်ကူးတည်းဖြတ်ထုတ်လွှင့်ပုံအဆင့်ဆင့်၊ တိုင်းရင်းသားရုပ်သံလိုင်း (NRC) ထုတ်လွှင့်နေမှု၊ စိန်ရတုပြတိုက်နှင့် ရေဒီယိုထုတ်လွှင့်ရေးအစီအစဉ်များကို လိုက်လံကြည့်ရှုလေ့လာပြီး လေ့လာရေးအဖွဲ့များ၏ ပုဂံမုဒြာအက၊ မင်္ဂလာပါနှင့် လက်ခတ်သံတေးသရုပ်ဖော်အကများကို မှတ်တမ်းတင်ရိုက်ကူးကြသည်။

### သွားရောက်လေ့လာ

ယင်းနောက် အမျိုးသားပြတိုက်ရှိ ရှေးဟောင်းရုပ်ကြွင်း၊ ပန်းချီ၊ မြို့ဟောင်းပုံစံငယ်များ၊ ပလ္လင်နှင့် နန်းသုံးပစ္စည်းများ၊ လက်မှုအနုပညာများ၊ အာဆီယံပြခန်းနှင့် ကလေးသူငယ်ပညာပေးရေး အစီအစဉ်များကို သွားရောက်လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) ကျင်းပ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄) တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၂၅**

"လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကိုပိုမိုမြှင့်တင်ပေး" ဦးတည်ချက်ဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄) ကို ဇွန် ၂၅ ရက်မှ ၂၇ ရက် အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပညာရှင်ကြီးများ၊ ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယပါမောက္ခချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

### ဝိုင်းဝန်းဆွေးနွေး

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပညာရေးဖွံ့ဖြိုးတိုးတက်ရန် ပညာရေးဝန်ကြီးဌာနက အဓိက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော်လည်း ဆက်စပ်ဝန်ကြီးဌာနများ အနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် နယ်ပယ်အလိုက် လုပ်ငန်းသဘာဝအလိုက် လေ့ကျင့်သင်ကြားပေးလျက်ရှိသည့်အတွက် ယခု ကျင်းပသည့် ညီလာခံတွင် ဝန်ကြီးဌာန ၁၁ ခု ပူးပေါင်းညှိနှိုင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆွေးနွေးညှိနှိုင်းကြမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် ကျင်းပသည့် ပညာရေးညီလာခံတွင် ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများက စာတမ်းများ ဖတ်ကြားတင်သွင်းဆွေးနွေးကြမည်ကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် မူလတန်းအရွယ်မှ လုပ်ငန်းခွင်ဝင်မည့်အရွယ်အထိ လူငယ်လူရွယ်များကို အဘက်ဘက်က ပြည့်စုံစေရန် ကြိုးစားသင်ကြားပေးလျက်ရှိရာ လိုအပ်ချက်၊ လစ်ဟာချက်များ ရှိခဲ့ပါက ယခုကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ညီလာခံကြီးက ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်များက ဖြည့်ဆည်းပေးနိုင်မည်ဟု ယုံကြည်ကြောင်း၊ ယခုကျင်းပသည့် ညီလာခံအနေဖြင့် နိုင်ငံတော်အတွက် လိုအပ်သည့် နိုင်ငံ့သားကောင်းများ ပြုစုပျိုးထောင်ရေး၊ စွမ်းဆောင်နိုင်သော ပြည်သူပြည်သားများ ပေါ်ထွက်လာစေရေးအတွက် ဝိုင်းဝန်းဆွေးနွေး အကြံပြုကာ နိုင်ငံတော်အစိုးရ၏ မျှော်မှန်းချက်များ အောင်မြင်စေရေးအတွက် ကြိုးပမ်း အားထုတ်ကြရန် တိုက်တွန်းပြောကြားသည်။

### အကောင်အထည်ဖော်ဆောင်ရွက်

ထို့နောက် ကဏ္ဍအလိုက် ရေတိုရေရှည်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးကျော်နိုင်ဦးက သဘာပတိအဖြစ်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်းနှင့် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်တို့က တွဲဖက်သဘာပတိများအဖြစ်လည်းကောင်း ဆောင်ရွက်ကြသည်။

### အကြံပြုဆွေးနွေး

ယင်းနောက် အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်းက အခြေခံပညာကဏ္ဍနှင့် ပတ်သက်၍လည်းကောင်း၊ မကွေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦးက အဆင့်မြင့်ပညာကဏ္ဍနှင့်ပတ်သက်၍ လည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးနှင့် ပညာလေ့ကျင့်ရေး ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဉာဏ်ဝင်းသန်းက သက်မွေးပညာကဏ္ဍနှင့်ပတ်သက်၍ လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း) ပါမောက္ခချုပ် ဦးအောင်သိုက်ထွန်းက ဆရာအတတ်ပညာကဏ္ဍနှင့် ပတ်သက်၍ လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှိုင်မြတ်သူက သုတေသနနှင့် တီထွင်ဆန်းသစ်မှုကဏ္ဍနှင့်ပတ်သက်၍ လည်းကောင်း ဆွေးနွေးတင်ပြကြရာ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြသည်။

### ကြည့်ရှုလေ့လာ

ညနေပိုင်းတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ ၂၀၂၄ ၌ ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ် ဝန်ကြီးဌာနများမှ ခင်းကျင်းပြသထားသည့် ပညာရေးပြခန်းများသို့ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပညာရေးမိသားစုများ လာရောက်ကြည့်ရှုလေ့လာကြပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ ၂၀၂၄ ကို ဇွန် ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄) က အကောင်းဆုံးရလဒ်တွေ ထွက်ပေါ်မယ်လို့ မျှော်လင့်ပါတယ်။

ဒေါက်တာစိုးဝင်း

**“လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကိုပိုမိုမြှင့်တင်ပေး”ဆိုသည့် ဦးတည်ချက်ဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄) ကို ဇွန် ၂၅ ရက်မှ ၂၇ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ ကျင်းပလျက်ရှိသည်။**

ညီလာခံတွင် အရည်အသွေးပြည့်ဝသော ပညာတတ်များ မွေးထုတ်ရေး၊ တိုင်းချစ် ပြည်ချစ်စိတ်ရှိသော လူငယ်များ ပေါ်ထွက်လာစေရေး၊ ထုတ်လုပ်မှုကို အားပေးသော သက်မွေးပညာတိုးတက်ရေး၊ ဆရာ ဆရာမများ၏ အရည်အသွေး စဉ်ဆက်မပြတ်မြှင့်တင်ရေး စသည့် ခေါင်းစဉ်များအောက်တွင် စာတမ်း ၃၆ စောင် ဖတ်ကြား တင်သွင်းကြမည် ဖြစ်သည်။

အဆိုပါ စာတမ်းများကို အခြေပြု၍ အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် ပညာတတ်များပေါ်ထွန်းလာပြီး ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်နိုင်ရေး ရေတို ရေရှည်လုပ်ငန်းအစီအမံများ ချမှတ် ဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းဆွေးနွေး အဖြေရှာကြမည်ဖြစ်ရာ ညီလာခံသို့ တက်ရောက်လာသူများ၏ စကားသံများကို စုစည်းဖော်ပြလိုက်ရပါသည်။



ဒေါက်တာစိုးဝင်း



ဦးသက်လေးဦး



ဒေါက်တာ အောင်ကျော်သူ



ဒေါက်တာချိုချိုမြအောင်



မောင်ဖြိုးသန့်ဇင်

**ဒေါက်တာစိုးဝင်း**
**အမြဲတမ်းအတွင်းဝန် ပညာရေးဝန်ကြီးဌာန**

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေး ညီလာခံမှာ လုပ်ငန်းကော်မတီ အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်နေပါတယ်။ တိုင်းချစ် ပြည်ချစ်စိတ်ရှိသော လူငယ်များ မွေးထုတ်ပေးရန်ဆိုတဲ့အချက်က အခြေခံပညာနဲ့ သက်ဆိုင်ပါတယ်။ အရည်အသွေးပြည့်ဝတဲ့ ပညာတတ်တွေ မွေးထုတ်ဖို့ဆိုတဲ့အချက်က အဆင့်မြင့် ပညာကဏ္ဍနဲ့ သက်ဆိုင်ပါတယ်။ ထုတ်လုပ်မှုကိုအားပေးတဲ့ သက်မွေး ပညာဖွံ့ဖြိုးတိုးတက်ဖို့အချက်က သက်မွေး ပညာကဏ္ဍနဲ့ သက်ဆိုင်ပါတယ်။ အရည်အသွေးပြည့်ဝတဲ့ ဆရာ ဆရာမတွေ မွေးထုတ်ဖို့ဆိုတဲ့အချက်က ဆရာအတတ် ပညာကဏ္ဍနဲ့ သက်ဆိုင်ပါတယ်။ သုတေသနနဲ့ တီထွင်ဆန်းသစ်မှုဆိုတဲ့ကဏ္ဍက နှစ်တိုင်းထည့်သွင်းရတဲ့ ကဏ္ဍတစ်ခု ဖြစ်ပါတယ်။ ပညာရေးစနစ်ကို အရည်အသွေးပြည့်ဝတဲ့ ပညာရေးစနစ်တစ်ခု ဖြစ်ဖို့ ပိုမိုအားကောင်းတဲ့ ကဏ္ဍတစ်ခု ဖြစ်ဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄) မှာ ဝန်ကြီးဌာန ပေါင်းစုံက ဖတ်ကြားမယ့် စာတမ်းတွေလည်း ပါဝင်တယ်။ ပညာရေးကို ဆောင်ရွက်နေတာ ပညာရေးဝန်ကြီးဌာန တစ်ခုတည်းလို့ မြင်လို့မရပါဘူး။ ဆက်စပ်ဝန်ကြီးဌာနတွေ အများကြီးရှိတဲ့အတွက် စာတမ်းတွေကလည်း နယ်ပယ်ပေါင်းစုံက ပါဝင်တယ်။ ဒီနေ့မှာဆိုရင် ၂၀၂၃ ခုနှစ် ညီလာခံက ရေတို ရေရှည်လုပ်ငန်းတွေရဲ့ ဆောင်ရွက်ပြီးနဲ့ ဆောင်ရွက်နေဆဲ အခြေအနေတွေကို ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ အဓိကရည်ရွယ်ချက်တွေ ပေါက်မြောက်ဖို့စာတမ်းတွေက အထောက်အပံ့ပေးသွားမှာ ဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ်က ညီလာခံကျင်းပလိုက်တဲ့အတွက် ပညာရေးဖွံ့ဖြိုးတိုးတက်ဖို့ ဘာတွေ လုပ်သင့်တယ်ဆိုတဲ့အချက်တွေ ထွက်ပေါ်လာပါတယ်။ ဒီနှစ် ညီလာခံမှာ အရည်အသွေးပြည့်ဝတဲ့ ပညာရေးစနစ်ကောင်း ဖြစ်ဖို့ဆိုတဲ့ အချက်တစ်ချက် ထူးထူးခြားခြား ပါဝင်လာတယ်။ အကောင်းဆုံး ရလဒ်တွေ ထွက်မယ်လို့ မျှော်လင့်ပါတယ်။

**ဦးသက်လေးဦး**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**ပညာရေးဝန်ကြီးဌာန**

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေး ညီလာခံကို ပညာရေးဝန်ထမ်းတစ်ယောက် အနေနဲ့ တစ်ဖက်တစ်လမ်းက ပါဝင် ဆောင်ရွက်ခွင့်ရတဲ့အတွက် ဂုဏ်ယူပါတယ်။ ပညာရေးညီလာခံကို တက်ရောက်ဖြစ်တာ အခုနှစ်နဲ့ဆိုရင် နှစ်ကြိမ်ရှိပါပြီ။ ပညာရေးညီလာခံကျင်းပပေးတဲ့အတွက် ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ပညာရေးမှာ လိုအပ်ချက်တွေ၊ ပြုပြင်သင့်တဲ့အချက်တွေ ဖော်ထုတ်နိုင်မယ်လို့ ထင်ပါတယ်။ ပညာရေးမှာ မိဘတွေ လိုလားတောင့်တနေတဲ့ အချက်အလက်တွေကို ဖော်ထုတ်ပြီး ပြုပြင်ပြောင်းလဲပေးနိုင်မယ်လို့ထင်ပါတယ်။ ၂၀၂၃ ခုနှစ်မှာ ကျင်းပခဲ့တဲ့ ပညာရေးညီလာခံက ဖော်ထုတ်ပေးခဲ့တဲ့ အချက်တွေအပေါ်မူတည်ပြီး ပြုပြင်ပြောင်းလဲခဲ့တာတွေရှိပါတယ်။ အောင်မြင်တယ်လို့ ပြောလို့ရပေမယ့် ဆက်လက် လုပ်ဆောင်ရမယ့် ကဏ္ဍတွေလည်း ရှိပါတယ်။ အဲဒီကဏ္ဍတွေကို ဆက်လက် အကောင်အထည်ဖော်နိုင်ဖို့ ၂၀၂၄ ခုနှစ် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံကို ကျင်းပတယ်လို့ ယုံကြည်ပါတယ်။ ဒီညီလာခံက မြန်မာနိုင်ငံအတွက် အရေးကြီးပြီး လုပ်ဆောင်သင့်တဲ့လုပ်ငန်း တစ်ခုကို အကောင်အထည်ဖော်တယ်လို့ ယူဆပါတယ်။ နိုင်ငံတော်အကြီးအကဲကလည်း ပညာရေးကိုအထူးအားပေးနေတာကို ဒီညီလာခံကျင်းပပေးခြင်းအားဖြင့် သိသာပါတယ်။ ကျွန်တော်တို့ နိုင်ငံအနေနဲ့ ပညာရေးနဲ့ပတ်သက်ပြီး မိဘတွေရဲ့ အားမလို အားမရဖြစ်နေတဲ့ ကွက်လပ်တွေကို ဒီညီလာခံကနေ အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်မယ်လို့ ယူဆပါတယ်။ ဒီညီလာခံက ဆွေးနွေး ဆုံးဖြတ်ချက်တွေကို သက်ဆိုင်ရာတာဝန်ရှိသူတွေက ကဏ္ဍအလိုက်အကောင်အထည်ဖော်သွားနိုင်မယ်ဆိုရင် ကျွန်တော်တို့ မျှော်လင့်ထားတဲ့ဘက်စုံဖွံ့ဖြိုးတိုးတက်တဲ့ပညာရေး တစ်ခု အကောင်အထည်ဖော်နိုင်လိမ့်မယ်လို့ ယူဆပါတယ်။

**ဒေါက်တာ အောင်ကျော်သူ**
**ပါမောက္ခ ဌာနမှူး ဆေးပညာဌာန**
**တောင်ကြီးဆေးတက္ကသိုလ်**

အရည်အသွေးပြည့်ဝသော ပညာတတ်များ မွေးထုတ်ရေးခေါင်းစဉ်ကြီး အောက်မှာ နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းဖြင့် အရည်အသွေးပြည့်ဝသော ပညာရှင်များ မွေးထုတ်ရေးဆိုတဲ့ စာတမ်းဖတ်ကြားမှာ ဖြစ်ပါတယ်။ အရည်အသွေးပြည့်ဝတဲ့ ပညာရှင်ဆိုရာမှာ ပညာရပ်တွေကို တတ်ကျွမ်းရုံနဲ့မပြီးဘဲ Good Human လို့ခေါ်တဲ့ လူသားကောင်းလည်း ဖြစ်ရမယ်။ Good Citizen လို့ခေါ်တဲ့ နိုင်ငံသားကောင်းလည်း ဖြစ်ရမယ်။ ဒီလိုအချက် သုံးချက်နဲ့ ပြည့်စုံမှ အရည်အသွေးပြည့်ဝတဲ့ ပညာရှင်ဖြစ်တယ်။ လူသားကောင်း၊ နိုင်ငံသားကောင်း ဖြစ်ဖို့၊ ကိုယ်ချင်းစာတရားနဲ့ အများအကျိုး သယ်ပိုးဆောင်ရွက်တတ်တဲ့ သူတွေဖြစ်ဖို့ သင်ကြားတဲ့အခါမှာ ထည့်သွင်းသင်ကြားနိုင်ဖို့ အလေးထား ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အရင်က စာဖတ်၊ စာရေး၊ စာသိ၊ စာတတ်တာကို ဦးစားပေးခဲ့ကြတယ်။ တတ်မြောက်ဖို့ လိုတယ်လို့ ယူဆခဲ့ကြတယ်။ တကယ်တော့ စာသိ၊ စာတတ်ရုံနဲ့ မပြီးဘဲ သိရုံနဲ့ မကဘူး။ နားလည်ရမယ်။ နားလည်ရုံနဲ့ မကဘူး။ လုပ်ဆောင်တတ်ရမယ်။ လုပ်ဆောင်တတ်ရုံနဲ့မကဘူး။ တကယ်လည်းလုပ်ဆောင်ရမယ်။ တစ်ယောက်တည်းကောင်းရုံနဲ့မပြီးဘဲ ကိုယ့်ပတ်ဝန်းကျင် အများလည်း ကောင်းအောင် လုပ်ဆောင်စည်းရုံးနိုင်ရမယ်။ ဒါမှလည်း လူ့အဖွဲ့အစည်းက တိုးတက်နိုင်မှာ ဖြစ်ပါတယ်။

**ဒေါက်တာချိုချိုမြအောင်**
**တိုင်းပညာရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီး**

ကျွန်မက မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄) မှာ လေ့လာသူ အနေနဲ့ တက်ရောက်တာ ဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံမှာ ဆရာပြန်လည်တီးမှု လျှော့ချရေးနဲ့ ဆရာများ လုပ်ငန်းခွင်တွင် ပျော်ရွှင်မှုရရှိစေရေး စာတမ်းဖတ်ခဲ့ပါတယ်။ အဲဒီစာတမ်းက အများကြီး အကျိုးသက်ရောက်မှု ရှိခဲ့တဲ့အတွက် အားရကျေနပ်ခဲ့ပါတယ်။ နိုင်ငံတော်က စာတမ်းတွေအပေါ် တွေ့ရှိချက်တွေ၊ ဝိုင်းဝန်းဆွေးနွေး အကြံပြုချက်တွေ၊ သုံးသပ်ဆုံးဖြတ်ချက်တွေအရ ပညာရေး ဝန်ထမ်းတွေကို အများကြီး ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့တာတွေရှိခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံဖြစ်တဲ့အတွက် ကိုယ့်နိုင်ငံ အတွင်းမှာရှိတဲ့ အသက်မွေးဝမ်းကျောင်း ပညာရေး၊ အခြေခံပညာရေး၊ အဆင့်မြင့် ပညာရေး စတဲ့ ပညာရပ်ပိုင်းဆိုင်ရာ လုပ်ငန်းဆောင်တာတွေနဲ့ ပတ်သက်ပြီး ဝန်ကြီးဌာနတွေက အကောင်အထည်ဖော် ဆောင်ရွက်နေကြတာတွေကို ဒီညီလာခံပွဲမှာ တွေ့ဆုံခွင့်၊ ဖလှယ်ခွင့်၊ ဝန်ကြီးဌာနတွေရဲ့ လုပ်ငန်းတွေနဲ့ ပူးပေါင်း ဆောင်ရွက်ဖို့အတွက် အခွင့်အလမ်းတွေ အများကြီး ရရှိတာဖြစ်တဲ့အတွက် ဝမ်းသာပါတယ်။ ပညာရေးညီလာခံ တစ်ခုဖြစ်လာဖို့ဆိုတာက တစ်နှစ်ပတ်လုံးဆောင်ရွက်ရတာ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ မျှော်မှန်းချက်ဖြစ်တဲ့ KG+9 ကို နိုင်ငံသားတိုင်း ပြီးမြောက်ဖို့ဆိုတဲ့ အချက်အလက်တွေကို ဆောင်ရွက်တဲ့အခါမှာ အားလုံးဘက်စုံထောင့်စုံက ဝိုင်းဝန်းပြီးကူညီဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီညီလာခံကနေ ဆက်စပ်ဝန်ကြီးဌာနတွေ ပေါင်းစပ်ညှိနှိုင်းဆွေးနွေး အဖြေရှာပြီး ပံ့ပိုးပေးကြမယ်ဆိုရင် ထိရောက်ကောင်းမွန်မှာ ဖြစ်ပါတယ်။ ညီလာခံရဲ့ ရည်ရွယ်ချက် ခြောက်ချက်က နိုင်ငံရဲ့ ပညာရေးကဏ္ဍမှာ အမှန်တကယ် လိုအပ်နေတဲ့ အချက်အလက်တွေပဲ ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံ တိုးတက်ဖွံ့ဖြိုးဖို့အတွက် လူသားအရင်းအမြစ်တွေရဲ့ ပညာရည် မြင့်မားပြည့်ဝမှုတွေက လိုအပ်ပါတယ်။ ပညာရေးကဏ္ဍမှာ တာဝန်ထမ်းဆောင်နေသူ တစ်ယောက်အနေနဲ့ ဒီလိုညီလာခံ တက်ရောက်ခွင့်ရတာ၊ စာတမ်းတွေကို နားထောင်ပြီး ပြန်လည်ဆွေးနွေးခွင့်ရတာကို ကျေနပ်ဂုဏ်ယူပါတယ်။

**မောင်ဖြိုးသန့်ဇင်**
**ကျောင်းသား အမှတ်(၁) စက်မှုသင်တန်းကျောင်း - ဆင်တဲ**

ကျွန်တော်က စက်မှုသင်တန်းကျောင်း ရှစ်ကျောင်းရဲ့ ကိုယ်စားပြုအနေနဲ့ကျောင်းတွေမှာ လက်တွေ့အသုံးပြုနေတဲ့ စက်ပစ္စည်းတွေကို ပြခန်းလာရောက်ပြသတာဖြစ်ပါတယ်။ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံကြီးမှာ ကိုယ်စားပြု လာရောက်ပြသခွင့်ရတဲ့အတွက် စိတ်လှုပ်ရှားရပါတယ်။ ဒီလို ပညာရေးညီလာခံကြီး ကျင်းပပေးတဲ့အတွက် အကျိုးရလဒ်တွေက အများကြီး ကောင်းမွန်ပါတယ်။ ကျွန်တော်တို့ လူငယ်တစ်ယောက်စီမှာ အတတ်ပညာ တစ်ခုခုတတ်မြောက်ထားဖို့ လိုအပ်ပါတယ်။ အတတ်ပညာတစ်ခုခုတတ်မြောက်ထားတဲ့သူက နေရာတစ်ခု အမြဲရှိပါတယ်။ အစ်ကို၊ အစ်မတွေ၊ ညီလေး၊ ညီမလေးတွေကို အတတ်ပညာတစ်ခုခုကို တတ်မြောက်အောင် ကြိုးစားသင်ယူကြပါ၊ ကိုယ်သာ အကောင်းဆုံးဖြစ်နေရင် အကောင်းဆုံးနေရာတစ်ခုကို ရောက်မှာပါလို့ ပြောချင်ပါတယ်။ ။

ဝင်းသန့်၊ ဓာတ်ပုံ- ဖိုးပြည့်စုံ

# ကယားပြည်နယ် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနား ကျင်းပ

လွိုင်ကော် ဇွန် ၂၅

**ကယားပြည်နယ် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားကို ဇွန် ၂၄ ရက်က ပြည်နယ်ပညာရေးမှူးရုံး ပညာဗိမာန်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့်အဖွဲ့ဝင်များ တက်ရောက်သည်။**



ဦးစွာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက “ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့” တေးသီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ပြည်နယ်အတွင်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်ခြင်းဖြစ်ပြီး ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ စာဖတ်သည့် အလေ့အထဖြစ်ပေါ်လာစေရန် ရည်ရွယ်ချက်ကောင်းများဖြင့် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ကယားပြည်နယ်အတွင်း စာကြည့်တိုက်များ ရှင်သန်ခိုင်မာဖွံ့ဖြိုး တိုးတက်စေရေးနှင့် စာတတ်သူတိုင်း စာဖတ်စေရေးတို့အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်အတွင်း နေထိုင်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို လှူဒါန်းပြီး သီဆိုဖျော်ဖြေတင်ဆက်ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးအောင်မျိုးသိန်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသော စာအုပ်စာစောင်များ၊ နံရံကပ်စာစောင်များကို လှည့်လည်ကြည့်ရှုအားပေးသည်။ ဆက်လက်၍ လွိုင်ကော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စွာမြင့်က “လူငယ်နှင့် စာဖတ်ခြင်း” ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပြီး ကျောင်းသား ကျောင်းသူများက ဉာဏ်စွမ်းရည်ပြိုင်ပွဲများဖြစ်ကြသည့် အရုပ်ဆက်ခြင်းနှင့် စကားပုံဆက်ခြင်းကစားနည်းများကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



## “ဝ” အထူးဒေသ (၂) မိုင်းပေါက်ခရိုင်အတွင်း ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း အသိပညာပေး Bill board စိုက်ထူ၊ သန်းခေါင်စာရင်းနည်းပြသင်တန်း ဖွင့်လှစ်

**နေပြည်တော် ဇွန် ၂၅**

၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အောင်မြင်စွာ ကောက်ယူနိုင်ရေးအတွက် လူထုအသိပညာပေး လုပ်ငန်းတစ်ရပ်ဖြစ်သည့် သန်းခေါင်စာရင်းဆိုင်ရာ အသိပညာပေး Bill board စိုက်ထူခြင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ခရိုင်အလိုက် မြို့ကြီးများတွင် ဆောင်ရွက်လျက်ရှိရာ “ဝ” အထူးဒေသ(၂) မိုင်းပေါက်ခရိုင်အတွင်း သန်းခေါင်စာရင်းဆိုင်ရာ အသိပညာပေး Bill board စိုက်ထူပွဲကို ယနေ့နံနက်ပိုင်းက မိုင်းပေါက်မြို့ ခရိုင်အုပ်ချုပ်ရေးမှူးရုံးအနီး၌ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းပြည်နယ်အရှေ့ပိုင်း) အဖွဲ့ဝင် ဦးလုကာ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရှမ်းပြည်နယ် ဒုတိယပြည်နယ်ဦးစီးမှူး ဦးအောင်မြတ်သာ၊ “ဝ” အထူးဒေသ (၂) မိုင်းပေါက်ခရိုင် အတွင်းရေးမှူး ဦးလီအိုက်ရိုင်း၊ ဒုတိယအတွင်းရေးမှူး ဦးကျန်ကျာလော၊ ဒုတိယ ခရိုင်မှူး ဦးအားဖာတို့က Bill board ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် “ဝ” အထူးဒေသ (၂) အတွင်း သန်းခေါင်စာရင်း အောင်မြင်စွာ ကောက်ယူနိုင်ရေးအတွက် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားကို နံနက် ၉ နာရီက မိုင်းပေါက်ခရိုင် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရှမ်းပြည်နယ် ဒုတိယပြည်နယ်ဦးစီးမှူး ဦးအောင်မြတ်သာက သန်းခေါင်စာရင်း ကောက်ယူရခြင်းနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်သူ့အင်အားဦးစီးဌာန သင်တန်းနည်းပြ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သီသီနွယ်က သင်တန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး သန်းခေါင်စာရင်းဆိုင်ရာအထောက်အကူပြုပစ္စည်းများနှင့် အမှတ်တရပစ္စည်းများကို “ဝ” အထူးဒေသ(၂) ခေါင်းဆောင်များနှင့် တာဝန်ရှိသူများကို ပေးအပ်သည်။

ဆက်လက်၍ မိုင်းပေါက်ခရိုင် အတွင်းရေးမှူးနှင့် ဒုတိယအတွင်းရေးမှူးတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြပြီး တက် ရောက်လာကြသည့် “ဝ” အထူးဒေသ (၂) မှ ခေါင်းဆောင်များနှင့်မိတ်ဆက်ပေးကာသင်တန်းဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း နည်းပြသင်တန်းကို လာမည့်ဩဂုတ်လတွင် ဖွင့်လှစ်ရန်လျာထားသော်လည်း “ဝ” အထူးဒေသ(၂)၏ လိုအပ်ချက်အရ ယခုဖွင့်လှစ်ပေးခြင်းဖြစ်ပြီး အဆိုပါ နည်းပြသင်တန်းသို့ “ဝ” တိုင်းရင်းသား ၁၇ ဦး၊ “ဝ” တိုင်းရင်းသူ ၁၃ ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ ရက် ကြာမြင့်မည် ဖြစ်ကြောင်းနှင့် နည်းပြသင်တန်းတက်ရောက်ပြီးသူများက မြို့နယ်အလိုက်ဆင့်ပွားသင်တန်းများ ဆက်လက်ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သေမင်းတမန် ငရဲပန်း

● မူးယစ်ဆိုထိုဆေးဝါး
ရှောင်ရှားကြ ဒို့တစ်တွေ
လူ့ဘဝမှာ ဒုက္ခများ
ကြီးမားလှပေ
မှတ်သားကြ လူငယ်တွေ
သေမင်းတမန် ငရဲပန်း
သုံးစွဲရန်မကြံလိုက်နဲ့
လူမိုက်ဇာတ်လမ်း။

● ရှေးအစဉ်လာ ပြောဆိုစကား
မှတ်သားလို့ နာခံပါ
ဘိန်းဘင်းကစော် သောက်ကာစား
မှားခဲ့ကြတာ
အများနဲ့ယှဉ်တဲ့အခါ
အရာရာလူတောမတိုး
လူငယ်တွေဘဝလမ်းမှာ
စွမ်းတဲ့အဖျက်ပိုး။

● အမျိုးကောင်းသားတွေ နှမ့်မှာနစ်
မူးယစ်ကိုခင်မင်တွယ်
ကြောက်မက်ဖွယ်အဖြစ်မျိုး
ဇွတ်တိုးနဲ့ကွယ်
အပေါင်းအသင်းသူခင်တွယ်
မှားပြီကွယ်ဘဝပေး
စီးပွားသိက္ခာ အကုန်ဆုံးတယ်
ရှုံးပြီကွဲ့လေး။

● လူငယ်တွေ ဉာဏ်ရည်သွေး
အတွေးက ထက်မြက်လာ
ဗလငါးတန် ကိုယ်ခံအား
မြင့်မားစေရာ
မကောင်းတဲ့ မူးယစ်မှာ
ဝေးလှစွာ ရှောင်အမြဲ
ပညာလမ်းမှာခရီးဆက်
တိုးတက်ဖို့ပဲ။ ။

**ဘိုမျိုး(ရွှေဘို)**

## အမျိုးသမီးများနေ့ဂုဏ်ပြုကြိုဆို သစ်ပင်စိုက်ပျိုး

**ရန်ကုန် ဇွန် ၂၅**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဆင့်မြင့် သိပ္ပံနှင့် နည်းပညာဦးစီးဌာန လက်အောက်ရှိ ရွှေပြည်သာမြို့နယ် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၌ ဇွန် ၂၅ ရက်က မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။



သစ်ပင်စိုက်ပျိုးပြီးနောက် စုပေါင်းဓာတ်ပုံရိုက်စဉ်။

သစ်ပင် စိုက်ပျိုးပွဲတွင် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ယဉ်မေသွယ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ပျိုးပင် ၃၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။ **သတင်းစဉ်**

# အပူချိန်ထိန်းညှိ နည်းပညာတိုးတက်ရေး အလေးထားဆောင်ရွက်ပေး

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန


### ကမ္ဘာ့လူသားများအတွက် အပူချိန်ထိန်းညှိနည်းပညာ

ကမ္ဘာဦးမှစတင်ပြီး လူသားတို့သည် နေထိုင်မှုပုံစံအမျိုးမျိုးဖြင့် သဘာဝဖြစ်စဉ် အထူးသဖြင့် ရာသီဥတုစနစ်နှင့် လိုက်လျောညီထွေဖြစ်စေရန် ကြိုးစားနေထိုင်ခဲ့ကြပါသည်။ ခေတ်အဆက်ဆက် တိုးတက်ပြောင်းလဲလာခဲ့ကြပြီး လူသားတို့၏ နေထိုင်မှုပုံစံသည်လည်း အဆင့်ဆင့်တိုးတက်ပြောင်းလဲလာခဲ့ပါသည်။ လူသားတို့၏ နေထိုင်မှုပုံစံတိုးတက်ပြောင်းလဲလာခြင်းတွင် လေအေးပေးစက်များသည်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။

လူမှုစီးပွားရေးအခြေအနေများ တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ နေ့စဉ်ဘဝ၏ လိုအပ်ချက်များကို အဆင်ပြေလွယ်ကူစွာ ဖြတ်သန်းနိုင်ရန် ခေတ်မီနည်းပညာမျိုးစုံကိုလည်း အသုံးပြုလာကြပါသည်။ ထိုနည်းပညာများတွင် လူတို့နေထိုင်မှုအတွက် သက်သောင့်သက်သာ ဖြစ်စေသကဲ့သို့ ကုန်ထုတ်လုပ်မှု၊ သယ်ယူပို့ဆောင်ရေး၊ အာကာသခရီးစဉ်အပါအဝင် သုတေသနလုပ်ငန်းအမျိုးမျိုးတို့တွင် အပူချိန်ကို လိုအပ်သလို ထိန်းညှိနိုင်သည့် နည်းပညာသည် တစ်ခုအပါအဝင် ဖြစ်ပါသည်။ အပူချိန်ထိန်းညှိနည်းပညာသည် လူသားများအတွက် အစားအသောက်၊ အဖျော်ယမကာ၊ ဆေးဝါးထုတ်လုပ်ခြင်းနှင့် သိမ်းဆည်းခြင်း၊ လူနှင့်တိရစ္ဆာန်တို့၏ ဆဲလ်များ၊ သွေးများနှင့် နည်းပညာဆိုင်ရာ အရေးကြီးအချက်အလက်များကို မပျောက်ပျက်ဘဲ တည်တံ့အောင် ထိန်းသိမ်းထားနိုင်ခြင်း၊ အအေးပေးစက်ပစ္စည်းများဖြင့် သက်သောင့်သက်သာရှိသော ပတ်ဝန်းကျင်ကို ဖန်တီးနိုင်ခြင်း အစရှိသဖြင့် ကမ္ဘာ့လူသားများကို အကျိုးပြုနေပေသည်။

### ကမ္ဘာ့အအေးပေးပစ္စည်းများနေ့

ကမ္ဘာ့အအေးပေး ပစ္စည်းများနေ့ဆိုသည်မှာ အိုဇုန်းလွှာမပျက်စီးစေရန် အအေးပေးနည်းပညာနှင့် အအေးပေးစက်ပစ္စည်းတို့၏ အခန်းကဏ္ဍကို သတိပြုမိစေရန်နှင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးကဲ့သို့သော ပတ်ဝန်းကျင်ဆိုင်ရာ ဆောင်ရွက်ချက်များအား အလေးထားဆောင်ရွက်နိုင်ရန် မွန်ထရီယယ် နောက်ဆက်တွဲစာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ အသိပညာပေးလှုပ်ရှားဆောင်ရွက်မှုတစ်ခုဖြစ်ပါသည်။ မွန်ထရီယယ်နောက်ဆက်တွဲစာချုပ် အဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဦးဆောင်ပြီး ဇွန်လ ၂၆ ရက်နေ့ကို ကမ္ဘာ့အအေးပေးပစ္စည်းများနေ့အဖြစ် ကမ္ဘာ့နိုင်ငံများတွင် ၂၀၁၉ ခုနှစ်မှ




မြန်မာနိုင်ငံတွင် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ လျှော့ချ/ရပ်ဆိုင်းမှုပြဂရပ်။

စ၍ သတ်မှတ်ဆောင်ရွက်သကဲ့သို့ မြန်မာနိုင်ငံတွင်လည်း အဆိုပါနေ့ကို အလားတူသတ်မှတ်ပြီး နှစ်စဉ်ကျင်းပလျက်ရှိပါသည်။

ကမ္ဘာ့အသိုက်အမြုံအတွင်း အပူချိန်ထိန်းညှိနည်းပညာတိုးတက်လာရုံသာမက သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စများတွင် အပူချိန်ထိန်းညှိနည်းပညာ၏ အရေးပါသော ပါဝင်ပတ်သက်မှုကိုလည်း အလေးထားလာကြပါသည်။ ယခုနှစ်၏ ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ ဆောင်ပုဒ်ဖြစ်သော **"အပူချိန်ထိန်းညှိ နည်းပညာတိုးတက်ရေး အလေးထားဆောင်ရွက်ပေး" "Temperature Matters...Absolutely!"** သည် ကမ္ဘာကြီးပူနွေးလာမှုနှင့်အတူ တစ်ဖက်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကြောင့် လူနေမှုအဆင့်အတန်းမြင့်မားလာပြီး အအေးပေးပစ္စည်းဆိုင်ရာ လိုအပ်ချက် ပိုမိုမြင့်တက်လာသည့် မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အပူချိန်ထိန်းညှိနည်းပညာ၏ အခန်းကဏ္ဍကို မလွဲမသွေ အလေးထားဆောင်ရွက်ရန် လိုအပ်လာမည်ဖြစ်ပါသည်။

"အပူချိန်ထိန်းညှိ နည်းပညာတိုးတက်ရေး အလေးထားဆောင်ရွက်ပေး" ဆောင်ပုဒ်သည် အအေးပေးပစ္စည်းများအတွက် အပူချိန်ထိန်းညှိနည်းပညာစွမ်းရည်ကို မြှင့်တင်ရန်နှင့် ဆက်လက်ကြိုးပမ်းစေရန် တွန်းအားပေးသကဲ့သို့ စွမ်းအင်သုံးစွဲမှုနှင့် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချနိုင်ရန် ရည်ရွယ်ပါသည်။

မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်သည့် "Mr. Lord Kelvin" ၏ နှစ်(၂၀၀) ပြည့်မွေးနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် **"အပူချိန်ထိန်းညှိနည်းပညာတိုးတက်ရေး အလေးထား ဆောင်ရွက်ပေး" "Temperature Matters... Absolutely!"** ဟူသောဆောင်ပုဒ်ဖြင့် အထိမ်းအမှတ် အခမ်းအနားနှင့် အသိပညာပေးအစီအစဉ်များကို ကျင်းပသွားမည် ဖြစ်ပါသည်။

### အပူချိန်ထိန်းညှိနည်းပညာ၏ အကျိုးသက်ရောက်မှုများ

အပူချိန်ထိန်းညှိနည်းပညာသည် နေ့စဉ်ဘဝတွင် လူသားများကို သက်သောင့်သက်သာရှိစေရုံသာမက အစားအသောက်နှင့် ဆေးဝါးများကို တာရှည်ခံထားရှိရန်နှင့် စီးပွားရေးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများ ခိုင်မာစွာ လည်ပတ်နိုင်ရန်အတွက် အရေးကြီးပါသည်။ လူသားများသည် အဆိုပါနည်းပညာများမှ ကောင်းကျိုးများစွာကို ရရှိသော်လည်း တစ်ဖက်တွင် အဆိုပါနည်းပညာများကို အသုံးပြုထားသည့် အအေးပေးစနစ်များ လည်ပတ်နိုင်ရေးအတွက် ထည့်သွင်းအသုံးပြုရသည့် အအေးပေးဒြပ်ပစ္စည်းများကြောင့် လူသားများ၏ ကျန်းမာရေးထိခိုက်ခြင်း၊ အိုဇုန်းလွှာပျက်စီးခြင်းနှင့် ကမ္ဘာကြီးပူနွေးခြင်း စသည့်ဆိုးကျိုးများ ရှိနေသည်ကို သတိပြုကြရပေမည်။

အအေးပေးစနစ်များ လည်ပတ်နိုင်ရေး ထည့်သွင်းအသုံးပြုရမည့် အအေးပေးဒြပ်ပစ္စည်းများဖြစ်သော ကလိုရိုဖလူရိုကာဗွန် (CFC)၊ ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFC) အစရှိသည့် ကလိုရင်း (Cl) ကိုအခြေခံသောအအေးပေးဒြပ်ပစ္စည်းများသည် အိုဇုန်းလွှာပျက်စီးစေသော အအေးပေးဒြပ်ပစ္စည်းများ (Ozone Depleting Substances – ODSs) ဖြစ်ကြပါသည်။ အဆိုပါ အိုဇုန်းလွှာပျက်စီးစေသော အအေးပေးဒြပ်ပစ္စည်းများကို အစားထိုးအသုံးပြုသည့် ဟိုက်ဒရိုဖလူရိုကာဗွန် (HFC) ကဲ့သို့သော ဒြပ်ပစ္စည်းများသည် အိုဇုန်းလွှာပျက်စီးမှု နည်းပါးသော်လည်း ကမ္ဘာ့ပူနွေးမှုအလားအလာ (Global Warming Potential–GWP) မြင့်မားသောကြောင့် ရာသီဥတုပြောင်းလဲမှုကို ဖြစ်ပေါ်စေနိုင်ပါသည်။

### မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ

အအေးပေးဒြပ်ပစ္စည်းများနှင့် အခြားသော အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများကြောင့် ဖြစ်ပေါ်လာသည့် အိုဇုန်းလွှာပျက်စီးမှုကို ထိန်းချုပ်နိုင်ရန်အတွက် မြန်မာနိုင်ငံအနေဖြင့် ဗီယင်နာကွန်ဗင်းရှင်းမှဖြစ်ပေါ်လာသော နိုင်ငံတကာသဘောတူညီချက်ဖြစ်သည့် မွန်ထရီယယ်နောက်ဆက်တွဲစာချုပ်နှင့် ပြင်ဆင်ချက်များတွင် လက်မှတ်ရေးထိုးပါဝင်ခဲ့ပါသည်။ အိုဇုန်းလွှာပျက်စီးစေသော ဟိုက်ဒရိုဘရိုမိုဖလူရိုကာဗွန် (HBFC) ကို ၁၉၉၆ ခုနှစ်တွင် လည်းကောင်း၊ ဘရိုမိုကလိုရိုမီသိန်း (Bromochloromethane) ကို ၂၀၀၂ ခုနှစ်တွင် လည်းကောင်း၊ ဟေလွန်ဂျနိတ်တက် ကလိုရိုဖလူရိုကာဗွန် (Halogenated CFC) ကို ၂၀၀၇ ခုနှစ်တွင် လည်းကောင်း၊ ကလိုရိုဖလူရိုကာဗွန် (CFC)၊ ဟေလွန်(Halon)၊ ကာဗွန်တက်ထရာကလိုရိုဒ် (Carbon Tetrachloride) ကို ၂၀၁၀ ပြည့်နှစ်တွင် လည်းကောင်း၊ မီသိုင်းကလိုရိုဖောင်း (Methyl Chloroform) နှင့် မီသိုင်းဘရိုမိုဒ် (Methyl Bromide) ကို ၂၀၁၅ ခုနှစ်တွင်လည်းကောင်း စသည့်ဒြပ်ပစ္စည်းများအား ပြည်တွင်းသို့ တင်သွင်းသုံးစွဲမှုကို အပြီးသတ်ရပ်ဆိုင်းခဲ့ပြီး ဖြစ်ပါသည်။

အလားတူ အိုဇုန်းလွှာပျက်စီးစေသည့် အဓိကအအေးပေးဒြပ်ပစ္စည်းဖြစ်သည့် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFC/R–22) သုံးစွဲမှုကို ၂၀၄၀ ပြည့်နှစ်တွင် လုံးဝရပ်ဆိုင်းသွားနိုင်ရန် နှစ်အလိုက်လျှော့ချ၍ ခွဲတမ်းစနစ်ဖြင့် တင်သွင်းခွင့်ပြုခြင်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ဟိုက်ဒရိုကလိုရို ဖလူရိုကာဗွန် (HCFC/R–22) အပါအဝင် အိုဇုန်းလွှာပျက်စီးစေသည့် အအေးပေးဒြပ်ပစ္စည်းများကို အစားထိုးအသုံးပြုသော ဟိုက်ဒရိုဖလူရိုကာဗွန် (HFC) ဒြပ်ပစ္စည်းများသည် အိုဇုန်းလွှာပျက်စီးမှု နည်းပါးသော်လည်း ကမ္ဘာ့ပူနွေးမှု အလားအလာ (Global Warming Potential–GWP) မြင့်မားသောကြောင့် ယင်းဒြပ်ပစ္စည်းများသုံးစွဲမှုကို လျှော့ချနိုင်ရေးအတွက် ကီဂါလီပြင်ဆင်ချက်တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရန် ပြင်ဆင်လျက်ရှိပါသည်။

ကီဂါလီပြင်ဆင်ချက်ကို အသိအမှတ်ပြုသဘောတူလက်မှတ်ရေးထိုး၍ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ပြီးပါက ဟိုက်ဒရိုဖလူရိုကာဗွန် (HFC) ဒြပ်ပစ္စည်း တင်သွင်းအသုံးပြုမှုကို ၂၀၂၄ ခုနှစ်မှစ၍ ထိန်းချုပ်ကန့်သတ်သွားမည် ဖြစ်ပါသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် ဟိုက်ဒရိုကလိုရို ဖလူရိုကာဗွန်(HCFC/R–22) ဒြပ်ပစ္စည်းအများဆုံးအသုံးပြုသည့် မြင်းကောင်ရေ ၂ ဒသမ ၅ အောက် အင်အားရှိ အိမ်သုံးလေအေးပေးစက်များ ပြည်တွင်းသို့ တင်သွင်းမှုကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၁ ရက်နေ့မှ စတင်တားမြစ်သောအမိန့်ကို ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂ ရက်နေ့ ရက်စွဲပါအမိန့် ကြော်ငြာစာအမှတ်

*စာမျက်နှာ ၁၇ သို့*

❖ **အပူချိန်ထိန်းညှိနည်းပညာသည် နေ့စဉ်ဘဝတွင် လူသားများကို သက်သောင့်သက်သာ ရှိစေရုံသာမက အစားအသောက်နှင့် ဆေးဝါးများကို တာရှည်ခံထားရှိရန်နှင့် စီးပွားရေးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများ ခိုင်မာစွာ လည်ပတ်နိုင်ရန်အတွက် အရေးကြီးပါသည်။ လူသားများသည် အဆိုပါနည်းပညာများမှ ကောင်းကျိုးများစွာကို ရရှိသော်လည်း တစ်ဖက်တွင် အဆိုပါနည်းပညာများကို အသုံးပြုထားသည့် အအေးပေးစနစ်များ လည်ပတ်နိုင်ရေးအတွက် ထည့်သွင်းအသုံးပြုရသည့် အအေးပေးဒြပ်ပစ္စည်းများကြောင့် လူသားများ၏ ကျန်းမာရေးထိခိုက်ခြင်း၊ အိုဇုန်းလွှာပျက်စီးခြင်းနှင့် ကမ္ဘာကြီးပူနွေးခြင်း စသည့်ဆိုးကျိုးများ ရှိနေသည်ကို သတိပြုကြရပေမည်**

# (၁၃)ကြိမ်မြောက် မူးယစ်ဆေးဝါးဆန့်ကျင်ရေး ဝတ္ထု၊ ဆောင်းပါး၊ ကဗျာရေးစပ်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၂၅**

မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း(ဗဟို)က ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၁၃)ကြိမ်မြောက် မူးယစ်ဆေးဝါဆန့်ကျင်ရေး ဝတ္ထု၊ ဆောင်းပါး၊ ကဗျာရေးစပ်ပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ကျောက်ဆည်မွှေ့ရုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို) ဥက္ကဋ္ဌ ဦးစိုးဝင်းက အမှာစကားပြောကြားပြီး (၁၃)ကြိမ်မြောက် မူးယစ်ဆေးဝါးဆန့်ကျင်ရေး ဝတ္ထု၊ ဆောင်းပါး၊ ကဗျာရေးစပ်ပြိုင်ပွဲ၊




ကျပန်းစကားပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် ကူညီပံ့ပိုးပေးကြသည့် အလှူရှင်များ၏ အလှူငွေများကို လက်ခံသည်။

ထို့နောက် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် (၁၃) ကြိမ်မြောက် မူးယစ်ဆေးဝါးဆန့်ကျင်ရေး မူလတန်းအဆင့် ကဗျာရွတ်ဆို(အင်္ဂလိပ်)ပြိုင်ပွဲ၊ အလယ်တန်းအဆင့် ကျပန်းစကားပြော (အင်္ဂလိပ်)ပြိုင်ပွဲ၊ အထက်တန်းအဆင့် ကျပန်းစကားပြော(အင်္ဂလိပ်) ပြိုင်ပွဲ၊ မူလတန်းအဆင့် ကဗျာရွတ်ဆို (မြန်မာ) ပြိုင်ပွဲ၊ အလယ်တန်းအဆင့် ကျပန်းစကားပြော (မြန်မာ) ပြိုင်ပွဲနှင့် အထက်တန်းအဆင့် ကျပန်းစကားပြော (မြန်မာ) ပြိုင်ပွဲ နောက်ဆုံးအဆင့်ယှဉ်ပြိုင်မှုများကို ကျင်းပရာ သက်ဆိုင်ရာကဏ္ဍအလိုက် ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် (၁၃)ကြိမ်မြောက် မူးယစ်ဆေးဝါးဆန့်ကျင်ရေးဝတ္ထု၊ ဆောင်းပါး၊ ကဗျာရေးစပ်ပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသားကျောင်းသူများကို မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို) နာယက ဦးစံသိန်း၊ ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# အသက် ၁၈ နှစ်အထက် (စတုတ္ထအကြိမ်မူကြမ်း) စာရင်းများ မှန်ကန်စေရေး စိစစ်ဆောင်ရွက်

**ကျောက်ဆည် ဇွန် ၂၅**

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ကျောက်ဆည်ခရိုင် ကျောက်ဆည် မြို့နယ်ဦးစီးမှူးရုံးအနေဖြင့် ဩဂုတ်လအတွင်း ဆောင်ရွက်မည့် အသက် ၁၈ နှစ်အထက် (စတုတ္ထအကြိမ်) မူကြမ်း စာရင်းများ မှတ်ကန်စေရေး စိစစ်ခြင်းများကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ရုံး၌ ယမန်နေ့က ဆောင်ရွက်ကြောင်း သိရသည်။

မူကြမ်းစာရင်းများအား ကွန်ပျူတာဖြင့် ရေးသွင်းခြင်းများကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးမှ ဝန်ထမ်းများ၊ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ မှန်ကန်မှုရှိစေရေး အလေးထား စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# စဉ့်ကူးမြို့နယ်ရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ စွပ်စွဲရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇွန် ၂၅**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်ရှိ ကျေးရွာများကို ဇွန် ၂၃ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် မြသီတာကျေးရွာမှ ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း မဟုတ်မမှန် စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန် လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




ဖြစ်စဉ်အမှန်မှာ စဉ့်ကူးမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန် PDF အမည်ခံအကြမ်းဖက်သမားများ ဇွန် ၂၃ ရက်ည ၁၀ နာရီခန့်က ရောက်ရှိနေပြီး အင်းအားစုဖွဲ့လျက်ရှိကြောင်း အကြမ်းဖက်မှုကို မလိုလားသည့် တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများ စုဖွဲ့ရောက်ရှိနေသည့် နေရာများအား လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ရာ အကြမ်းဖက်သမားများ ထိခိုက်သေဆုံးမှုများရှိပြီး ထွက်ပြေးသွားခဲ့ကြောင်းနှင့် ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

အဆိုပါ အကြမ်းဖက်သမားများက ဇွန် ၂၂ ရက် တွင်လည်း စဉ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာမှ အပြစ်မဲ့ပြည်သူတစ်ဦးကို ဖမ်းဆီးသတ်ဖြတ်သွားခဲ့ကြောင်း သိရှိရသည်။ တရားမဝင် ပြည်ဖျက်မီဒီယာများသည် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် မြေပြင်ဖြစ်စဉ်နှင့် ကွဲလွဲနေသည့် သတင်းတု၊ သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတကာယဉ်ကျေးမှုနှင့် အားကစားပွဲယှဉ်ပြိုင်ရန် လှေလှော်အားကစားအဖွဲ့ ပြည်ပထွက်ခွာ

**ရန်ကုန် ဇွန် ၂၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Barnaul မြို့၌ ဇွန် ၂၈ ရက်မှ ဇူလိုင် ၁ ရက်အထိ နိုင်ငံတကာယဉ်ကျေးမှုနှင့် အားကစားပွဲ (နဂါးလှေပြိုင်ပွဲ)သို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်း၊ အုပ်ချုပ်/နည်းပြ နှစ်ဦး၊ အားကစားသမားအမျိုးသား ၁၂ ဦး အပါအဝင် စုစုပေါင်း ၁၅ ဦးတို့သည် ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

**အားကာမောင်**



○ *ကျောဖုံးမှ*

ဖြစ်သော်လည်း ပွဲချိန်ပြည့်ခါနီးတွင် အီတလီအသင်းမှ လူစားဝင်တိုက်စစ်ကစားသမား ဇက်ကာဂနီ၏ နောက်ကျသွင်းဂိုးကြောင့် တစ်ဖက်တစ်ဂိုး ပွဲပြီးဆုံးခဲ့သည့်အတွက် အုပ်စု ဒုတိယဖြင့် ၁၆ သင်းအဆင့်သို့ တက်လှမ်းရန် လွဲချော်ခဲ့သည်။

ခရိုအေးရှား အသင်းသည် အီတလီအသင်းကို ထိုးဖောက်တိုက်စစ်ဆင် ကစားနိုင်ခဲ့ပြီး ၅၄ မိနစ်တွင် ပယ်နယ်တီ ကန်သွင်းခွင့် ရရှိရာ အသင်းခေါင်းဆောင် လူကာမိုဒရစ်က သွင်းယူနိုင်ခဲ့သော်လည်း လွဲချော်ခဲ့သည်။ ပွဲချိန် ၅၅ မိနစ်တွင် ဘူဒီမာ၏ ဖန်တီးမှုကို လူကာမိုဒရစ်က အဆုံးသတ် သွင်းယူနိုင်ခဲ့သည်။ ခရိုအေးရှားအသင်းသည် အဆိုပါ သွင်းဂိုးဖြင့် အီတလီအသင်းကို နိုင်ပွဲရရှိရန် နီးစပ်ခဲ့သော်လည်း ပွဲချိန်ပြည့်ခါနီးတွင် ချေပဂိုး ပြန်လည် ခွင့်ပြုပေးခဲ့ရသည့်အတွက် တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။

အခြား တစ်ဖက်တွင် အယ်ဘေးနီးယားနှင့် စပိန်အသင်းတို့ တစ်ချိန်တည်း ယှဉ်ပြိုင်ကစားခဲ့ပြီး စပိန်အသင်းက ပွဲချိန် ၁၃ မိနစ်တွင် ရရှိခဲ့သော တောရက်စ်၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ အုပ်စု (ခ) နောက်ဆုံးပွဲစဉ်များ ပြီးဆုံးချိန်တွင် နောက်တစ်ဆင့်သို့ စပိန်အသင်းက အုပ်စုပထမဖြင့် လည်းကောင်း၊ အီတလီအသင်းက အုပ်စု ဒုတိယဖြင့်လည်းကောင်း အသီးသီး တက်လှမ်းနိုင်ခဲ့သည်။

ဇွန် ၂၅ ရက်ည ၁၀ နာရီခွဲတွင် ယှဉ်ပြိုင်သည့် အုပ်စု (D) မှ ပြင်သစ်နှင့် ပိုလန်ပွဲမှာ တစ်ဂိုးစီ သရေကျခဲ့ပြီး ဩစတြီးယားက နယ်သာလန်ကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရသည်။ ယင်းအုပ်စုမှ ပြင်သစ်နှင့် ဩစတြီးယားတို့ အုပ်စုတက်ခဲ့သည်။

**အောင်ဇော်**

*စာမျက်နှာ ၁၆ မှ*

၂၈/၂၀၂၀ ဖြင့် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။ အလားတူ ဒြပ်ပစ္စည်းများ အသုံးပြုသည့် မြင်းကောင်ရေ ၂ ဒသမ ၅ နှင့်အထက် အင်အားကြီးစက်ပစ္စည်းများ ပြည်တွင်းသို့ တင်သွင်းသုံးစွဲမှုကို ဆက်လက်ကန့်သတ်သွားရန် ဆောင်ရွက်လျက်ရှိပါသည်။

**အပူချိန်ထိန်းညှိနည်းပညာတိုးတက်ရေး အလေးထားဆောင်ရွက်ပေး**

အပူချိန်ထိန်းညှိနည်းပညာ မြှင့်တင်ခြင်းသည် အခြေခံအအေးပေးပစ္စည်း လိုအပ်ချက်များကို ဖြည့်ဆည်းပေးရုံသာမက ရေရှည်တည်တံ့သော ပတ်ဝန်းကျင်ကို အထောက်အကူပြုသည့် ကာဗွန်ခြေရာနှင့် ရာသီဥတုပြောင်းလဲမှုကို လျော့နည်းစေရန် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါသည်။ ယခုအခါ အင်ဗာတာနည်းပညာ၊ နေရောင်ခြည်စွမ်းအင်သုံး လေအေးပေးစက်များနှင့် ဘူမိအပူမှ အအေးပေးစနစ်များကဲ့သို့သော ဆန်းသစ်တီထွင်မှုများလည်း ပေါ်ပေါက်လာပြီဖြစ်ပါသည်။ ဤကဲ့သို့သော နည်းပညာများသည် စွမ်းအင်ကို အကျိုးရှိစွာ သုံးစွဲနိုင်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေကာ ပတ်ဝန်းကျင်ကို အလေးထားသော ဝယ်ယူသူများနှင့် စီးပွားရေးလုပ်ငန်းများကြားတွင် ပိုမိုရေပန်းစားလာပါသည်။

အအေးပေးစက်ပစ္စည်းများတွင် ပတ်ဝန်းကျင်အပေါ် ထိခိုက်ပျက်စီးမှုနည်းပါးသည့် အပူချိန်ထိန်းညှိနည်းပညာများကို အသုံးပြုခြင်း၊ အဆိုပါနည်းပညာများ၏ အကျိုးသက်ရောက်မှုများကို အများပြည်သူနှင့် သက်ဆိုင်ရာ လုပ်ငန်းလုပ်ကိုင်သူများအား အသိပညာပေးဆောင်ရွက်ခြင်းနှင့် စွမ်းအင်သက်သာသော အပူချိန်ထိန်းညှိနည်းပညာများအပေါ် အလေးပေးဆောင်ရွက်ခြင်းသည် ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း နှိုးဆော်တိုက်တွန်းလိုက်ရပါသည်။ ။

**ကျမ်းကိုးစာရင်း**

https://celsiuscity.eu/impact-of-refrigeration-systems-technology-on-climate/
https://en.wikipedia.org/wiki/Category:Cooling_technology
https://www.cafcoservices.com/blog/hvac/4-types-of-refrigeration-systems/
https://www.linkedin.com/pulse/temperature-matters-absolutely-al-emran-hossain-6udyc/
၂၀၂၃ ခုနှစ်ပါ ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာပါ ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ ဆိုင်ရာ ဆောင်းပါး

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အောင်မေတ္တာ(က) (၁)လမ်းနေ (ဘ) ဦးမောင်မြင့်၏သမီး မရီမြင့်သူ ၈/မကန (နိုင်)၂၅၆၃၃၂ ၏ နိုင်ငံကူးလက်မှတ် (MI 534722) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၈၈၄၃၄၃၂၁

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

(ဘ) ဦးစောရွှေထူး ၏သမီးဖြစ်သူ နော်မူးရယ်ထူး ၇/တငန (နိုင်)၁၃၆၂၂၅ ၏ နိုင်ငံကူးလက်မှတ်အမှတ် OM 025668 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၇၈၇ ၀၇၀ ၆၈၈

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ တိလောကရုံရပ်ကွက်၊ အဝေရာ(၂)လမ်း၊ အမှတ်(၃၀)၊ (အလျား ၂၀ ပေ x အနံ ၅၀ ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထား ပိုင်ဆိုင်ထားပြီး အခြားသူ တစ်ဦးတစ်ယောက်ထံသို့ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ အာမခံတင်သွင်းထားခြင်း၊ အစိုးရဌာနတစ်ခုခုမှ တားမြစ်ပိတ်ပင်ခံထားရခြင်း၊ အမွေစားအမွေခံစသည့် အရှုပ်အရှင်းမရှိ မိမိတစ်ဦးတည်းသာလျှင် စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးအရှောင် ၁၂/မရက(နိုင်)၁၁၃၀၀၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူမည်ဖြစ်သဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်မြေနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အိမ်မြေအရောင်းအဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဒေါ်ကြာညိုနှင်းရည် LL.B — တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၉၅)

ဒေါ်မြတ်သီတာအောင် LL.B — တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၅၁)

အမှတ်(၂၀၈)၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန် မြို့။ ဖုန်း-၀၉-၂၅၀၀၂၁၇၇၂၊ ၀၉-၇၉၉၂၅၈၂၀၂၊ ၀၉-၇၉၉၂၅၈၂၀၈

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ မြမဥ္ဇူ(၁)လမ်း၊ မြေကွက်အမှတ်(၁၀၃၉)၊ မြေအကျယ်အဝန်း ပေ(၅၀ x ၅၀)၊ ၀ ဒသမ ၀၅၇ ဧက၊ (၂၅၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှား ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနရှိမြို့မြေစာရင်းတွင် ဒေါ်သီတာမြင့် ၁၂/မရက(နိုင်)၁၂၇၁၅၃ အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဒေါ်စန်းစန်းနု ၁၂/ဥကတ(နိုင်)၀၈၄၅၃၆ သည် ရန်ကုန်မြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင်အရောင်းအဝယ်စာချုပ်အမှတ်(၄၈၉၉/၂၀၂၄) ဖြင့် ဝယ်ယူပိုင်ဆိုင် ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင် ကြောင်းနှင့် လွတ်လပ်စွာပြန်လည် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏ မိတ်ဆွေ ဦးဇော်မိုးထက် ၇/ဒဥန(နိုင်)၁၄၈၇၅၃ ထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်မိုးထက်က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက် အောင်မြင်သည်အထိ ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ယဉ်ယဉ်ကြည်(LL.B) (စဉ်-၁၁၄၀၆) တရားလွှတ်တော်ရှေ့နေ

ဒေါ်စုစုလှိုင်(LL.B) (စဉ်-၅၅၅၆၃) အထက်တန်းရှေ့နေ

အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၁၂




## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်၊ အကွက်အမှတ် (၂၃၆)၊ ဦးပိုင်အမှတ် (၅-ခ)၊ ၂၈x၂၉လမ်းကြား၊ ၉၀X၉၁လမ်းကြားရှိ ဦးဝေ အမည်ပေါက် ဘိုးဘမြေကွက်အား(ဖခင်)ဦးဝေ၊(မိခင်) ဒေါ်စိန်တို့ ကွယ်လွန်ပြီး (သား)ဦးချစ်ဆွေသည် ဒေါ်ကြင်စိန်နှင့် အိမ်ထောင်ကျ၍ ဦးတင်ဦးကို မွေးဖွားခဲ့ပါသည်။(အဘိုး)ဦးချစ်ဆွေ၊ (အဘွား)ဒေါ်ကြင်စိန်၊(ဖခင်)ဦးတင်ဦး၊ (မိခင်) ဒေါ်သိန်းလှတို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၂၈၈၇/၂၀၁၉)ဖြင့် ပိုင်ဆိုင်ခဲ့သော ဒေါ်သီတာဦး၊ ဦးထွန်းထွန်းဦး၊ ဒေါ်တင်မာဦး၊ ဒေါ်တင်မျိုးဦး၊ ဒေါ်စန္ဒာစိုးတို့ (၅)ဦးအနက် ဦးထွန်းထွန်းဦး ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၃၆၈၃/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သည့် ဒေါ်သီတာဦး၊ ဒေါ်ခင်နွဲ့၊ဒေါ်တင်မာဦး၊ဒေါ်တင်မျိုးဦး၊ ဒေါ်စန္ဒာစိုးတို့၏(GPရရှိသူ ဦးအေးကျော်)တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၆၀၃/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နီနီအေးကျော် ၁၃/ကခန(နိုင်)၀၀၀၉၂၇ က အမှုတွဲအမှတ် ၀၀၆၇/ဘ/ပြောင်း/၂၀၂၄-၂၀၂၅ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ က ရပ်ကွက်၊ အကွက်အမှတ် ယ-၇၊ ဦးပိုင်အမှတ်(၁၄)/၆၇x၆၈ကြား၊ ၁၁၂လမ်း ပေါ်ရှိ ဦးစန်းမောင်အမည်ပေါက် ဂရန်မြေကွက်အား ဦးစန်းမောင်(လူပျိုဘဝ) ကွယ်လွန်၍ ကျန်ရစ်သူ မောင်နှမများအနက်၊ ဦးသန်းလွင်မှာအစ်ကိုအကြီးဆုံးဖြစ်၍ အမွေဆက်ခံရာ၌ မပါရှိတော့ဘဲ ကျန်ညီငယ်၊ ညီမငယ်များ ဖြစ်ကြသော ဒေါ်စန်းမြင့် ၅/ငဇန(နိုင်) ၀၁၂ ၆၆၆၊ ဦးစိုးနိုင် ၅/ငဇန(နိုင်)၀၁၈၂၅၃၊ ဦးစိုးမောင် ၉/ပကခ(နိုင်) ၀၀၇၂၄၈၊ ဒေါ် စန်းဌေး ၉/ပကခ(နိုင်)၀၀၇၂၄၈၊ဦးစိုးဌေး ၉/ပကခ(နိုင်) ၀၀၇၂၅၀တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ် ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆို ရန် အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/53831 Honda Wave 100 ယာဉ်လက် ဝယ်ရှိသူ NCX Myanmar Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/35582 Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ Easy Rider Motorbike Co.,Ltdက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊၆-အနောက်ရပ်ကွက်၊ ဇမ္ဗူသီရိ(၃)လမ်း၊ အမှတ်(၈၃/က)၊ တတိယထပ်(၄-လွှာ)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြင့်သီတာချို ၁၂/ဗဟန(နိုင်) ၀၀၂၅၂၅ထံ မှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်နီနီလွင် ၁၂/သကတ(နိုင်) ၁၅၂၀၅၀က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စ နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စုစုခိုင်(LL.B,D.B.L,D.I.L) — တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃)

ဒေါ်ခင်စောသိန်း(LL.B) — တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)

တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅လမ်း(အောက်)၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4R/2076 ၏ အင်္ဂလိပ် ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

ကညန၊ ခရိုင်ရုံး
(မိတ္ထီလာ)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/24874 Dayang 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးပိုင်မျိုးမင်း ၈/ပခက(နိုင်)၃၃၂၇၂၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ပခုက္ကူ)

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

"ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျော့ချနိုင်ခြင်းတို့ကြောင့် အသက် (၅) နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေ သွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။"

ကျန်းမာရေးဝန်ကြီးဌာန

**သင့်သွေးဖြင့် အသက်ကယ်ပါ**


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ နေဇာဇာထွန်း |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီဌေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm


### ယနေ့ဈေးကွက်ပေါက်ဈေးများ ၂၅ - ၆ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၂၀ ကျပ် | ၂၅၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၈၅၀ ကျပ် | ၂၉၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၅၈၀ ကျပ် | ၂၆၅၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၇၁၅ ကျပ် | ၂၇၉၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## မုတ်သုံလေ အားအသင့်အတင့်ရှိနေ

နေပြည်တော် ဇွန် ၂၅

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဟိုင်းကြီးကျွန်းမြို့တွင် ၆ ဒသမ ၅၇ လက်မ၊ ကျိုက္ခမီမြို့တွင် ၄ ဒသမ ၇၂ လက်မ၊ ချောင်းဆုံမြို့တွင် ၄ ဒသမ ၃၃ လက်မ၊ ကျိုက်မရောမြို့တွင် ၄ ဒသမ ၁၇ လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၃ ဒသမ ၈၆ လက်မ၊ ခန္တီးမြို့တွင် ၃ ဒသမ ၆၆ လက်မ၊ လပွတ္တာမြို့တွင် ၃ ဒသမ ၁၉ လက်မ၊ မော်ဘီမြို့တွင် ၃ ဒသမ ၀၃ လက်မ၊ ထားဝယ်မြို့တွင် ၂ ဒသမ ၉၆ လက်မနှင့် မြစ်ကြီးနားမြို့တွင် ၂ ဒသမ ၇၂ လက်မတို့ ဖြစ်ကြသည်။ မိုး/ဇလ

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၁၀၀ | ၁၃၂ | ၁၂၀၀၀၀၀ |
| MTSH | ၃၃၀၀ | ၃၃၀၀ | ၃၃၆၇၃ | ၁၁၁၀၄၇၇၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၇၀၀ | ၁၇၅၀ | ၁၇၀၂၈ | ၂၉၇၈၈၈၀၀ |
| TMH | ၂၉၅၀ | ၂၉၅၀ | ၈၁ | ၂၃၅၁၀၀ |
| EFR | ၁၉၀၀ | ၁၉၅၀ | ၉၇၈ | ၁၈၆၉၁၀၀ |
| AHPC | ၄၉၀၀ | ၅၀၀၀ | ၂၄၄ | ၁၁၉၇၆၀၀ |
| MAEPC | ၃၃၀၀ | ၃၃၀၀ | ၁၄၀၀ | ၁၆၂၀၂၀၀ |

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအသိအမှတ်ပြု Pile လုပ်ငန်းလိုင်စင် ရယူထားသည့် FECON RAINBOW FOUNDATION CONSTRUCTION Co.,Ltd (PL– 52)သည် Pile လုပ်ငန်းအား ဆက်လက်မဆောင်ရွက်လိုကြောင်း လျှောက်ထားလာသောကြောင့် Pile လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်အား ပယ်ဖျက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ ရက်ပေါင်း(၁၄)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**အင်ဂျင်နီယာဌာန (အဆောက်အအုံ)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ထွန်းတိုးရပ်ကွက်၊ အကွက်အမှတ် ဓဓ–၂၅၊ ဦးပိုင်အမှတ် (၇၆)/၊ ၁၀၉x၁၁၀ကြား၊ ၅၃x၅၄လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ တသကျော်ခင်ဆွေ ၉/မနမ(နိုင်)၀၉၆၅၃၉၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၄၄၁က/၁၉၉၇)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်သောင်းရင်/MDYSW–၀၀၁၃၃၃၊ ၉/မရတ(နိုင်) ၀၉၇၁၃၅က တောဂရန်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် ဆဆ–၅၊ ဦးပိုင်အမှတ် (၁၃၄–ခ)၊ ၅၅–A လမ်း၊ ၁၀၆x၁၀၇ လမ်းကြားရှိ ဦးလူခန့်၊ ဒေါ်နွယ်နီသန်း အမည်ပေါက်ဂရန်မြေကွက်အား (ခင်ပွန်း) ဦးလူခန့် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၃၆၈၆/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့သည့် (ဇနီး) ဒေါ်နွယ်နီသန်း ၉/မနမ (နိုင်)၀၈၀၀၈၃ထံမှ အရောင်းအဝယ် အမှတ် (၂၃၁၀/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်ကျော်စိန် ၈/နမန(နိုင်) ၀၀၈၁၁၂ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ပြည်ကြီးတံခွန်မြို့နယ်၊ဈေးရပ်ကွက်၊ အကွက်အမှတ် လလ–၁၆၊ ဦးပိုင်အမှတ် (၈၁+၈၂)/၆၆X၆၇ ကြား၊ ၁၄၁X၁၄၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဗိုလ်မှူးရဲထွဋ် ကြည်း–၁၆၅၆၇၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၀/၂၀၀၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဘဌေး/DS–၀၂၅၆၇၃က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင် ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဧယ/၃၅၆၁၉, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးသူရကျော် ၁၄/မအပ(နိုင်) ၂၀၃၄၄၄က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မအူပင်)**
**မအူပင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9R/1105 ယာဉ်လက်ဝယ်ရှိသူ ဦးနေဝင်းစိုး ၅/ကဘလ(နိုင်)၁၉၇၂၁၄ က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန**
**(ရွှေဘို)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 41W/69570,Yunde–110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးငွေ ၅/မရန(နိုင်)၁၃၃၀၃၄က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန**
**(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၂ယ/၁၇၁၀၆, Honda Click–125,M/C ယာဉ်လက်ဝယ်ရှိသူ မအိငြိမ်း ၅/ဘတလ(နိုင်) ၁၀၆၂၈၉ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန**
**(မုံရွာ)**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားလျှောက်ထားပြီးကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ် (၃) ရပ်ကွက်၊ ဗိုလ်တထောင်ဈေးလမ်း၊ အမှတ် (၉၀)၊ အခန်းအမှတ်–(၉၀၃)နေ Ms. July Moe (Passport No –124890658) (PR No–23PE00002) ကိုင်ဆောင်သူမှ အောက်တွင် ဖော်ပြထားသောကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့် ဦးစီးဌာန၌ Yit အမည်အမှတ်အသားဖြင့် ကုန်အမှတ်တံဆိပ်ဥပဒေအရ(၁–၆–၂၀၂၄)ရက်နေ့က လျှောက်ထားတင်သွင်းလက်ခံခဲ့ပြီး e–Filing–Reference: WFT2024069965 ရရှိထားပြီး ဖြစ်ပါသည်–

**WFT2024069965**

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအား အမျိုးသား၊ အမျိုးသမီး၊ ကလေး၊ လူကြီးဝတ်အင်္ကျီ၊ ဘောင်းဘီ၊ ဂါဝန်၊ အဝတ်အထည်အမျိုးမျိုး၊ ပုဝါအမျိုးမျိုး၊ အိတ်အမျိုးမျိုးတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီ/လက်ကား ထုတ်လုပ်ဖြန့်ဖြူးရောင်းချ အသုံးပြုလျက်ရှိနေသည့်အပြင် အင်တာနက်လူမှုစာမျက်နှာကွန်ရက်၊ အင်စတာဂရမ်၊ တယ်လီဂရမ်၊ ဝက်ဆိုဒ် (Website)စသည့်ဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနသို့ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားတင်သွင်းလျှောက်ထားခဲ့ပြီးဖြစ်သည့်အတွက် မည်သူတစ်ဦးတစ်ယောက်သော်လည်းကောင်း၊ အဖွဲ့အစည်းတစ်စုံတစ်ရာသော်လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ မည်သည့်ပုံစံဖြင့်မဆိုမှိုငြမ်းကူးယူတုပသုံးစွဲခြင်း၊ တစ်နည်းနည်းဖြင့် ထင်ယောင်ထင်မှားဖြစ်စေခြင်းလုံးဝ(လုံးဝ)မပြုလုပ်ရန် အများသိစေရန်အသိပေးကြေညာပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအား တုပပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှား ဆင်တူယိုမှားပြုလုပ်ထုတ်လုပ်ရောင်းချလျှင် ပြုလုပ်ရောင်းချသူအား တည်ဆဲဥပဒေနှင့်အညီ လိုအပ်သလို တရားစွဲဆိုဆောင်ရွက် သွားမည့်အပြင် တုပပြုလုပ်သည့်ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ဖျက်သိမ်းပျက်ပြယ်သွားသည်အထိအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**Ms. July Moe လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မေပြည့်စုံ (ခ) ဒေါ်ပွင့် (LLB. DBL, DIL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၀၉၃)**
**အမှတ်–၅၅ ၊ အခန်း (၁၅) ၊ ပထမထပ် ၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း– ၀၉–၅၀၅၃၄၂၄ ၊ ၀၉–၇၆၅၀၅၃၄၂၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လှိုင်မြို့နယ်၊ ရွှေပိတောက်ငါးဈေးရှိ ရုံအမှတ်(F)၊ ဆိုင်အမှတ် (၆၀) ဒေါ်မြင့်မြင့်အုန်း (၁၂/အလန(နိုင်)၀၁၇၁၉၉ (ဘ) ဦးအုန်းခင် အမည်ပေါက်ဆိုင်ခန်းအား သမီးဖြစ်သူ ဒေါ်ဟေမာမောင် (၁၂/အလန(နိုင်)၀၄၂၁၉၃) (ဘ) ဦးမောင်မောင်ထူး အမွေဆက်ခံပိုင်ဆိုင်ကြောင်း အမည်ပြောင်းလျှောက်ထားလာပါသဖြင့် ကန့်ကွက်နိုင်သူများအနေဖြင့် အထောက်အထား ခိုင်လုံစွာ တင်ပြ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊**
**ဈေးများနှင့်ကုန်စည်ပွဲရုံများဌာန**
**ဈေးတာဝန်ခံ**
**ရွှေပိတောက်ငါးဈေး၊ လှိုင်မြို့နယ်**
**ဖုန်း–၀၉–၄၂၀၀၇၇၆၉၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လှိုင်မြို့နယ်၊ ရွှေပိတောက်ငါးဈေးရှိ ရုံအမှတ်(A)၊ ဆိုင်အမှတ် (၁၅) ကွယ်လွန်သူ ဒေါ်မိုးစန္ဒာ (၁၂/အလန (နိုင်)၀၃၄၂၆၁) (ဘ)ဦးခင်စိုး အမည်ပေါက်ဆိုင်ခန်းအား ခင်ပွန်းဖြစ်သူ ဦးမောင်စိုး (၁၂/အလန(နိုင်)၀၀၁၁၅၀) (ဘ) ဦးကျော်မြ အမွေဆက်ခံပိုင်ဆိုင်ကြောင်း အမည်ပြောင်းလျှောက်ထားလာပါသဖြင့် ကန့်ကွက်နိုင်သူများအနေဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍(၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊**
**ဈေးများနှင့်ကုန်စည်ပွဲရုံများဌာန**
**ဈေးတာဝန်ခံ**
**ရွှေပိတောက်ငါးဈေး၊ လှိုင်မြို့နယ်**
**ဖုန်း–၀၉–၄၂၀၀၇၇၆၉၆**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်–၁ရပ်ကွက်၊ အကွက်အမှတ် တ–၁၊ ဦးပိုင်အမှတ် (၂–စ)/၆၅X၆၆ ကြား၊၁၀၁X၁၀၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမော်ဝင်း ၁/မကန(နိုင်)၁၀၇၆၃၇၏ အထူး ကိုယ်စားလှယ် လွှဲစာအမှတ်(၄၈၃၂/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကျော်ဇေယျာလင်း ၉/မဟမ(နိုင်)၀၀၁၅၄၆က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်–၁ ရပ်ကွက်၊ အကွက်အမှတ် တ–၁၊ ဦးပိုင်အမှတ်(၂–ဆ)/၊ ၆၅x၆၆ကြား၊ ၁၀၁x၁၀၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမော်ဝင်း ၁/မကန(နိုင်)၁၀၇၆၃၇၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၈၃၃/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကျော်ဇေယျာလင်း ၉/မဟမ(နိုင်)၀၀၁၅၄၆က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ သဇင်ရပ်ကွက် (ယခင်ပင်လုံ)၊ ဗိုလ်ချုပ်လမ်း၊ ကွင်း/ အကွက်အမှတ်(၃၆/မော်တော်ယာဉ်ရပ်)၊ ဦးပိုင်အမှတ်(၄၈)၊ ဧရိယာ(၀.၂၀၀)ဧကပေါ်ရှိ ဝင်းမြေအား ဦးကျင်ရှင်းခိုင်(ဘ) ဦးထန်ဇင် ၄/တဇန (နိုင်)၀၁၃၉၉၈)က ၎င်းတစ်ဦးတည်းအမည်ဖြင့် မြေဂရန်အမည်ပြောင်း လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း မှတ်ပုံတင် စာချုပ်စာတမ်းမူရင်းများ စသည့် အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျင်ရှင်းခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နွယ်နွယ်အေး (LL.B) တရားလွှတ်တော်ရှေ့နေ စဉ်–၉၂၁၆/၂၀၁၃**
**အောင်မင်္ဂလာရပ်ကွက်၊ နယ်မြေ(၄၉/၈)၊ ကလေးမြို့ ။**
**ဖုန်း– ၀၉–၄၇၀၇၂၂၁၁၊ ၀၉–၂၅၉၁၆၉၃၄၄**

## ကန့်ကွက်နိုင်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ ပင်လုံရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ကွင်း/အကွက်အမှတ် (၅၂/လမ်းဆုံ W)၊ ဦးပိုင်အမှတ်(၂၀၃)၊ ဧရိယာ(၀.၀၂၄)ဧကပေါ်ရှိ ဝင်းမြေအား ဦးစိန်ဟန်အမည်မှ ဦးကျော်အေး ၅/ကလထ(နိုင်)၀၂၉၄၇၉၊ ဒေါ်ခင်ဝါ ၅/ကလထ(နိုင်)၀၈၈၈၄၈တို့က ၎င်းတို့အမည်ဖြင့် မြေဂရန်အမည် ပြောင်းလျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများ စသည့်အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်အေး၊ ဒေါ်ခင်ဝါတို့၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နွယ်နွယ်အေး (LL.B) တရားလွှတ်တော်ရှေ့နေ**
**စဉ်–၉၂၁၆/၂၀၁၃**
**အောင်မင်္ဂလာရပ်ကွက်၊ နယ်မြေ(၄၉/၈)၊ ကလေးမြို့ ။**
**ဖုန်း– ၀၉–၄၇၀၇၂၂၁၁၊ ၀၉–၂၅၉၁၆၉၃၄၄**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ်၊ အလိမ္မာကိုယ်ပိုင်အထက်တန်းကျောင်း Grade–12 တွင် ပညာသင် ယူနေသည့် မရတနာအောင်၏ ဖခင်အမည်မှန်မှာ ဦးဘိုအောင် ၇/အဖန(နိုင်)၀၇၄၂၇၁ ဖြစ်ပါကြောင်း။

**ဦးဘိုအောင်**
**၇/အဖန(နိုင်)၀၇၄၂၇၁**

## ဖခင်အမည်မှန်

ဝေါမြို့နယ်၊ အလက လေးအိမ်စုကျောင်းမှ Grade–6 တန်းတွင် ကျောင်းဝင်အမှတ် (၀၀၆၈)ဖြင့် ပညာသင်ကြားနေသော မောင်ကိုထွဋ်၏ ဖခင်အမည်မှန်မှာ ဦးအေးကို ဖြစ်ပါကြောင်း။

**ဦးအေးကို**

## မိခင်အမည်မှန်

ဝေါမြို့၊ အထက ဝေါ၊ Grade–9 မှ မောင်ရှိုင်းကိုခန့်နှင့် Grade–4 မှ မောင်ဖြိုးညီငယ်တို့၏ မိခင်အမည်မှန်မှာ ဒေါ်နီနီဝင်း ၇/ဝမန(နိုင်) ၂၂၀၃၃၂ ဖြစ်ပါကြောင်း။

**ဒေါ်နီနီဝင်း**
**၇/ဝမန(နိုင်)၂၂၀၃၃၂**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျွန်တော်ဦးဝဏ္ဏမိုး ၉/ပဥလ (နိုင်) ၀၉၁၅၇၀၏ မိခင် ဒေါ်မိုးသူနှင့် ဒေါ်ကြည်မြင့်သည် လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ကွင်းအမှတ်(၁၃/၃)၊ ဦးပိုင်အမှတ် (၂/၂–င)၊ မြေချိန်ဧရိယာ(၀.၀၉၇)ဧကရှိမြေကွက်သည် မူလကဦးဇော်ဂျတ်အမည်ဖြင့်(၁–၁၁–၂၀၅၁)ရက်နေ့ထိ(၃၀)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ မြေငှားဂရန်အမည်ပေါက်သူ ဦးဇော်ဂျတ် (၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူဒေါ်ဆိုင်းခေါန်)က (၆–၆–၂၀၂၄) ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၂၉၄/၂၀၂၄)အရ အဆိုပါမြေကွက်အားဒေါ်လဘန်ခေါန်ဒင့် ၁/မကန(နိုင်) ၂၂၀၆၀၀ထံသို့ အပြီးအပိုင် ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်လဘန်ခေါန်ဒင့် အမည်ဖြင့်မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်နေ့အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်( ၃၇ )၊ ရွှေဂုံသီရိလမ်း၊ အမှတ်(၁၅၂)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဒေါ်ကြည်ကြည်အေး အမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးမြင့်ဝင်း (၈/တတက(နိုင်) ၀၉၇၂၉၃ )ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေများပေးအပ်ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ( ၇ )ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

**ဦးထိန်လင်းသန်း**
**LL.B, D.B.L, D.I.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၈၈၂)**

**ဒေါ်ပြည့်ပြည့်ဖြိုး**
**LL.B, D.B.L, D.I.P.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၂၀၄)**

အမှတ်(၇၂၅)၊ ပြည်သာယာ ( ၂ ) လမ်း၊ ( ၃၂ )ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၁၇၁၃၆ ၊ ၀၉၄၂၈၀၂၀၃၆၉

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ ရွှေပိတောက်ငါးဈေးတွင် ဆိုင်ခန်းအမည်ပြောင်းလာရောက် လျှောက်ထားမှုအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ခိုင်လုံသော အထောက်အထားများ ပြည့်စုံစွာဖြင့် (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်–

| စဉ် | ရုံ | ဆိုင် | မူလ အမည်ပေါက် | မှတ်ပုံတင်အမှတ် အမည် | လျှောက်ထားသူ | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|---|---|
| ၁ | A | ၅၁ | ဒေါ်သွယ်သွယ်နိုင် | ၁၂/ခရန(နိုင်)၀၁၁၀၉၉ | ဦးနေမျိုးဦး | ၁၄/ဖပန(နိုင်) ၀၉၈၄၅၃ |
| ၂ | A | ၅၂ | ဒေါ်သွယ်သွယ်နိုင် | ၁၂/ခရန(နိုင်)၀၁၁၀၉၉ | ဦးနေမျိုးဦး | ၁၄/ဖပန(နိုင်) ၀၉၈၄၅၃ |
| ၃ | C | ၅၇ | ဦးဝင်းထိန်အောင် | ၁၀/မလမ(နိုင်)၁၂၃၉၆၄ | ဦးသန်းဇော်ဖြိုး | ၁၂/လမန(နိုင်) ၁၄၂၆၈၉ |
| ၄ | F | ၁၀ | ဒေါ်လှပန်းဖြူ | ၁၁/ပတန(နိုင်) ၁၀၂၅၉၇ | ဒေါ်သက်သက်စံ | ၁၃/လပတ(နိုင်) ၁၈၇၅၂၃ |
| ၅ | E | ၃၆ | ဒေါ်အေးသန္တာစိုး | ၁၂/အစန(နိုင်) ၁၆၉၇၈၁ | ဦးကိုကြီးတင်ထွဋ် | ၁၁/စတန(နိုင်) ၀၈၁၀၁၀ |
| ၆ | E | ၅၀ | ဒေါ်နေနီအောင် | ၁၂/ဒပန(နိုင်) ၁၄၂၆၉၃ | ဒေါ်မေသူထွန်းအောင် | S/DGNMTT–041999 |
| ၇ | F | ၁၈ | ဦးမျိုးသန့် | ၉/စကတ(နိုင်) ၁၆၂၄၁၃ | ဦးထွန်းလင်း | ၁၄/ပသန(နိုင်) ၁၈၃၄၉၆ |
| ၈ | F | ၃၉ | ဒေါ်သန်းသန်းဝင်း | LME–၀၀၂၈၂၆ | ဦးခိုင်မင်းထွန်း | ၁၁/အမန(နိုင်) ၀၉၂၀၉၀ |
| ၉ | G | ၁၃ | ဦးမြင့်သိန်း | ၁၁/စတန(နိုင်) ၀၀၂၅၅၁ | ဦးရဲမွန်စိုး | ၁၄/မမက(နိုင်)၁၄၅၁၆၆ |
| ၁၀ | G | ၁၄ | ဦးမြင့်သိန်း | ၁၁/စတန(နိုင်) ၀၀၂၅၅၁ | ဦးရဲမွန်စိုး | ၁၄/မမက(နိုင်)၁၄၅၁၆၆ |

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊**
**ဈေးများနှင့်ကုန်စည်ပွဲရုံများဌာန**
**ဈေးတာဝန်ခံ**
**ရွှေပိတောက်ငါးဈေး၊ လှိုင်မြို့နယ်၊ ဖုန်း–၀၉–၄၂၀၀၇၇၆၉၆**

## စက်မှုဝန်ကြီးဌာန
## အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
## တင်ဒါအမှတ် - ၇,၈,၁၀/၂၀၂၄-၂၀၂၅
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု)တွင် အသုံးပြုရန်လိုအပ်သော ကုန်ကြမ်းပစ္စည်းများဖြစ်သည့် Lot(4) Steel ပစ္စည်းများ, Lot(5) ဘီးလုံးနှင့် ရာဘာဘီးလုံးများ၊ Lot(7) ဆက်စပ်ကုန်ကြမ်းပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။

၂။ **တင်ဒါအစီအစဉ်**

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - (၂၇ - ၆ - ၂၀၂၄) နံနက်(၁၀: ၀၀)နာရီ

(ခ) **တင်ဒါပိတ်ရက်နှင့်အချိန်** - (၁၆ - ၇ - ၂၀၂၄) ညနေ(၁၆ : ၀၀)နာရီ

(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်

၃။ အိတ်ဖွင့်တင်ဒါပုံစံများကို (၂၇ - ၆ -၂၀၂၄) ရက်မှစ၍ ရုံးချိန်အတွင်း အရည်အသွေးထိန်းသိမ်းရေးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)နေပြည်တော်တွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၆၇-၄၀၈၃၉၃၊ ၀၉-၄၂၅၃၁၀၃၀၂၊ ၀၉- ၇၉၆၅၅၇၃၃၂ တို့သို့ ဆက်သွယ်စုံစမ်းမေး မြန်းနိုင်ပါသည်။

## အများသိစေရန် ကြေညာခြင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့နယ်၊ ဖန်မင်အုပ်စု၊ ဝမ်ကျောက်လုံကျေးရွာနေ ဒေါ်အိအိသက်(၇/ပခန(နိုင်)၂၃၄၀၀၆) သည် ဦးအေးကို(၇/ပခန(နိုင်)၀၄၂၈၅၁) နှင့် ဒေါ်ညိုညိုဝင်း(၇/ပခန(နိုင်) ၁၈၃၈၉၀)တို့၏ ဒုတိယမြောက် သမီးဖြစ်ကြောင်း၊ ဦးကိုကိုမောင် (၁၂/အစန(နိုင်) ၀၆၂၈၉၃)၏ ဇနီးဖြစ်ကြောင်းနှင့် မအိငယ်ကိုကို (၇/ပခန(နိုင်)၃၉၂၀၅၄)၏ မိခင်ဖြစ်ကြောင်း တို့ကို အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိအိသက်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရှိန်းထက်အာကာကျော်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၅၀၁၁)**
**ဖုန်း-၀၉-၆၇၇၀၃၀၀၉၉**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးထွန်းသီဟ ၉/အမရ(နိုင်) ၁၄၂၀၉၇နှင့် ဦးထွန်းသီဟ(ခ)ထွန်း ရှိုင်းလင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဝေါမြို့၊ အလက တမာ တကေ Grade-9မှ မမျိုးမြတ်မြတ်အောင် ၏ ဖခင်အမည်မှန်မှာ ဦးစိုး ၇/ဝမန(နိုင်) ၁၄၄၉၅၇ ဖြစ်ပါကြောင်း။

**ဦးစိုး**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၈၄/၂၊ ဦးပိုင်အမှတ်(၁-စ)/၊ ၃၆လမ်းxပြင်ဦးလွင်မြို့ပတ် လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးလိကျန်(ခ) မောင်အေး ၁၃/ကခန (နိုင်) ၀၂၀၂၈၃က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၂၈၄၊ ဦးပိုင်အမှတ် ၂၁-ခ ခဲစင်းအနောက်ခြမ်း/ ကင်းဝန်မင်းကြီးကျောင်းလမ်း X၈၇ကြား၊ ၃၇X၃၈ကြားရှိ ဦးစံညွန့်၊ ဒေါ်မိုး အမည်ပေါက် ဘိုးဘမြေကွက်အား ပိုင်ဆိုင်ကြောင်းကြေညာစာချုပ်အမှတ် (၈၂၄/၁၉၉၈)ဖြင့် ပိုင်ဆိုင်ခဲ့သူ ဦးတင့်ဝေ ၉/မနတ(နိုင်)၀၂၃၈၅၄ က ဘိုးဘအမည်ပေါက်မြေပုံတင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီ ကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၂၈၄၊ ဦးပိုင်အမှတ် ၂၄/ကင်းဝန်မင်းကြီးကျောင်းလမ်းx၈၇ ကြား၊ ၃၇x၃၈ လမ်းကြားရှိ မောင်လယ်၊ မပေါ်အိအမည်ပေါက် ဘိုးဘမြေကွက်အား ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် (၈၂၅/၁၉၉၈)ဖြင့် ပိုင်ဆိုင်ခဲ့သူ ဦးတင့်ဝေ ၉/မနတ(နိုင်)၀၂၃၈၅၄က ဘိုးဘအမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ကန်ထရိုက်တိုက်ရငွေများဖြင့် ခရိုင်(၁၄)ခရိုင်အတွင်းရှိမြို့နယ်များတွင်ကန်ထရိုက်တိုက်ဆိုင်ရာလုပ်ငန်းများအတွက် 11-6.6/0.4kV,200kVA ထရန်စဖော်မာများနှင့်ဓာတ်အားခွဲရုံများထိန်း/ပြင်ဌာနစု၏ အရေးပေါ်လုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သည့် အရံအဖြစ်ထားရှိမည့် 12kV Indoor Switchgear Panel အားမြန်မာကျပ်ငွေ ဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံ နှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၂၈.၆.၂၀၂၄)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ(၁၂.၇.၂၀၂၄)ရက်နေ့၊(၁၄:၀၀)နာရီဖြစ်ပြီးအသေးစိတ်အချက်အလက်များသိရှိလိုပါကဖုန်း၀၁-၂၂၀၈၁၆ ဖုန်းနံပါတ်သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## တောင်ကြီးမြို့နယ်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၆

ဒေါ်နန်းခမ်းဖစ် **နှင့်** ဦးသိန်းညွန့်
**တရားလို** **တရားပြိုင်**

အမှတ်(ရပ/၁၂)၊ သစ္စာလမ်း၊ နယ်မြေ(၁၀)၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့နေ ဦးသိန်းညွန့် (ယခုနေ ရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ် တရားလိုဒေါ်နန်းခမ်းဖစ်က မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်တို့ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်လိုက်ပါ၍ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက် (၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၃ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန် အထက်အမည် ရေးသားပါရှိသူတို့က တရားလိုစွဲဆိုချက်ကိုထုချေ ရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင်သင်တို့ သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့၏ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလို သည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစ ရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင် မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇွန် လ ၂၄ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နန်းအေးမြသီရိ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**တောင်ကြီးမြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ အ-ထ-က ရေကြည် Grade-11 (B)မှ မသက်ဖူးဝေ၏ ဖခင်အမည်မှန်မှာ ဦးမောင်ကျော် ၁၄/ရကန(နိုင်) ၀၆၉၁၁၂ ဖြစ်ပါကြောင်း။

**ဦးမောင်ကျော်**

## မိခင်အမည်မှန်

ရေကြည်မြို့နယ်၊အထက-ငပိဆိပ်ကျောင်း Grade-5 တန်းမှ မဝင့်ဝါသန့် ၏ မိခင်အမည်မှန်မှာ ဒေါ်ချိုချို ၁၄/ရကန(နိုင်)၁၃၄၁၉၀ ဖြစ်ပါကြောင်း။

**ဒေါ်ချိုချို**
**၁၄/ရကန(နိုင်)၁၃၄၁၉၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၈) ရပ်ကွက်၊ ဗိုလ်စောနောင်လမ်း၊ အမှတ်(၂၅)၏ ဦးဘရင် (ISN-464362)အမည်ပေါက် မြေချပါမစ်နှင့် စာရွက်စာတမ်းများအား ဒဂုံမြို့သစ်ခရိုင်တရားရုံးမှ ချမှတ်ပေးထားသော အမွေထိန်းလက်မှတ်စာတင်ပြ၍ ဦးမျိုးထွန်း(ဘ)ဦးဘရင် ၁၂/ဒဂရ(နိုင်) ၀၀၀၅၉၉မှ ၎င်းအားထုတ်ယူခွင့်ပြုပါရန် တင်ပြလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာပါသည့်ရက်မှ (၁၅)ရက်အတွင်း ဘဏ်ခွဲသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

